# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၇)ရက် ၊ အင်္ဂါနေ့ ၊ (4-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်

အယ်ဒီတာ့အာဘော်

## တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှု

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့တွင် တပ်မတော်သားပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများကို ဇန်နဝါရီ ၁၅ ရက်မှ ၃၀ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ထနီးကျေးရွာနှင့် ကျုံခုတ်ကျေးရွာပတ်ဝန်းကျင်ကျေးရွာများ၊ ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာနှင့် ပတုတ်ကျေးရွာပတ်ဝန်းကျင်ကျေးရွာများ၊ ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်နှင့် ဓမင်းဆိပ်ကျေးရွာပတ်ဝန်းကျင်ကျေးရွာများ၊ ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာအကြင်နာတရားအပြည့်နှင့် ဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် ၁၉ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် လိုက်ပါလာသော အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးသဖြင့် ဒေသခံပြည်သူများသည် အချိန်ကုန်၊ ငွေကုန်သက်သာကာ ကျန်းမာရေးတိုးတက်ကောင်းမွန်လာသောကြောင့် အထူးကုဆေးအဖွဲ့နှင့် ဆေးကုသပေးရန် စီစဉ်ပေးသော နိုင်ငံတော်အကြီးအကဲများကို အထူးကျေးဇူးတင်ကာ ဝမ်းမြောက်ဝမ်းသာလျက်ရှိကြသည့်အပြင် နောက်တစ်ကြိမ်လာရောက်ရန် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးရန်ကိုလည်း မျှော်လင့်လျက်ရှိကြသည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သောလက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနမှူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအပြင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်သားပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့အနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာအကြင်နာတရားများဖြင့် ဆောင်ရွက်ပေးမှုများအပေါ် ဝမ်းမြောက် လေးစားဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

## ဝါးခယ်မမြို့နယ်တွင် ငရုတ် ၅၉၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၅၉၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၂၉၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ် ၅၉၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူအသိပညာပေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အနေနဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ငရုတ်လျာထားဧက ၇၀၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို စိုက်ပျိုးရေးဦးစီးဌာနက လမ်းညွှန်ချက်နဲ့အညီ ရွေးချယ်စိုက်ပျိုးဖို့ရှိပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင်စိုက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေပူးပေါင်း ဆောင်ရွက်နေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငရုတ်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**



## ကန့်ဘလူမြို့နယ်တွင် နှမ်းဧကအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၃၁ တင်းထွက်ရှိ

**ကန့်ဘလူ ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် နှမ်း ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၁ တင်း ထွက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၇၁၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၅၇၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာနှမ်း ၉၅၇၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက် ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ်သိန်း ၂၅၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ်သိန်း ၁၁၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဇင်မာဦးထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ နန်းရှေ့နေ ဒေါက်တာဦးညဏ်ထွန်း-ဒေါ်နီနီ မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၁၀၀၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် လက်ထောက်ဆရာဝန် ဒေါက်တာ ဦးသက်နိုင်တို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပြေမပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးပြေမပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငါးပြေမပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေ အပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်မြို့ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာများပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမနှစ်မျိုး အများဆုံးရရှိပြီး ရရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးပြေမများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုများပြားလာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကူခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကူခွဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကူခွဲကျေးရွာတွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၂ ဒသမ ၆၇၅ သိန်းဖြင့် အဆိုပါဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရွှေဘိုခရိုင်တွင် ထောပတ်ပဲ ၄၁၄၁ ဧကစိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရွှေဘို ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ထောပတ်ပဲ ၄၁၄၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲဧက ၄၄၆၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ၄၁၄၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ထောပတ်ပဲဧက ၄၄၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၁၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၁၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၁၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၈၉၆ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ၄၁၄၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၄ ဧက၊ ခင်ဦးမြို့နယ်တွင်၆၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀ နှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ဧက ၄၄၆၀ တို့ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။ (၂၀၆)



# မြေဆီလွှာနှင့် မြေဩဇာ အပိုင်း(၂၄)

ပါမောက္ခကိုကိုအောင်



အပင်စာများဝင်ရောက်နိုင်သည့် ဆဲလ်၏အကာအရံမှ အပေါက်ကလေးများသည် အလွန်တရာ သေးငယ်လှပြီး ဆန်ခါကဲ့သို့သော အပေါက်ငယ်များပါရှိသည်။ မြေဆီလွှာထဲရှိရေသည် ဆဲလ်၏အကာအရံကို ဖြတ်သန်း၍ အပင်၏အတွင်းပိုင်းဆီသို့ ဝင်ရောက်သွားသည်။ ဤသည်ကို သိပ္ပံပညာရှင်တို့က တစ်ဖက်သတ်စိမ့်ဝင်ခြင်းဟု ခေါ်ဆိုသုံးနှုန်းကြသည်။ အပင်စာများကမူ ပျံ့နှံ့ခြင်းနည်းလမ်းဖြင့် အပင်အတွင်းသို့ ဝင်ရောက်သွားကြသည်။ အပင်စာများသည် ရေကို ကြားခံပစ္စည်းအဖြစ်အသုံးချကာ ဆဲလ်၏ဆန်ခါပေါက်ငယ်များမှတစ်ဆင့် အပင်၏အတွင်းသို့ ဝင်ရောက်ကြခြင်းဖြစ်သည်။

အပင်သည် ၎င်း၏အမြစ်ထိပ်ဖျားနောက်ဘက်နားရှိ အလွန်သေးငယ်သော နေရာကလေးမှသာ အစာရေစာများကို စုပ်ယူနိုင်ကြသည်။ အပင်ဆဲလ်၏ ပရိုတိုပလာဇမ်ကလည်း အပင်ကလိုအပ်သောအစာများကို ရွေးချယ်အသုံးပြုနိုင်သည်။ ဤနည်းဖြင့် စဉ်ဆက်မပြတ်စုပ်ယူလျက်ရှိနေခြင်းကြောင့် အပင်၌ လိုအပ်သောအစာများကို အပင်ကတဖြည်းဖြည်းရရှိလာတော့သည်။

အပင်သည် ၎င်းအတွက်လိုအပ်သောအစာများကို အမြစ်မွှားများမှတစ်ဆင့်သာမကဘဲ အရွက်များမှတစ်ဆင့်လည်း သွင်းယူနိုင်ကြသည်။ အမြစ်မွှားများနှင့် အရွက်များမှတစ်ဆင့် အသီးသီးဝင်ရောက်လာကြသော အပင်စာများသည် အပင်၏ပင်စည်အတွင်း၌ ရောနှောသွားကြပြီးနောက် နေရောင်ခြည်မှရရှိသော စွမ်းအင်နှင့်ပေါင်းစပ်ကာ အလွန်ရှုပ်ထွေးသောဓာတ်ပစ္စည်းများဖြစ်လာကြသည်။ အဆိုပါဓာတ်ပစ္စည်းများကြောင့် ကောက်ပဲသီးနှံပင်များ၌ သာမန်ကြီးထွားဖွံ့ဖြိုးမှုကိုဖြစ်ပေါ်လာစေသည်။ ဤနည်းအားဖြင့် အပင်ဖြစ်ပေါ်ကြီးထွားဖွံ့ဖြိုးမှုအတွက် လိုအပ်သောကစီဓာတ်၊ သကြားဓာတ်၊ အဆီဓာတ်နှင့် ဆီ စသည်တို့မှာ မြေဆီလွှာနှင့် လေမှရရှိသော သာမန်အညတရပစ္စည်းများမှ ပေါ်ပေါက်လာရသည်။

မြေဆီလွှာသည် အပင်စာများကို ထုတ်လုပ်ပေးနေသော စက်ရုံကြီးသဖွယ်ပင်ဖြစ်သည်။ အပင်စာများကို ယူငင်သုံးစွဲနိုင်စေရန်အတွက်လည်း အပင်၌ အင်္ဂါအစိတ်အပိုင်းများ ပြည့်ပြည့်စုံစုံပါရှိလာအောင် သဘာဝတရားကြီးက စီမံပေးထားသည်။ သဘာဝအလျောက် အပင်၏အင်္ဂါအစိတ်အပိုင်းတို့က စုပ်ယူစားသုံးနေကြရသော အပင်စာများမှာ မြေဆီလွှာအတွင်း၌ ထာဝရတည်တံ့နိုင်ခြင်းရှိ၊ မရှိနှင့် မြေဆီလွှာအတွင်းကအပင်စာများ ကုန်ခန်းသွားနိုင်ခြင်းရှိ၊ မရှိဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

အပင်တို့ ပေါက်ရောက်လာကြပြီးနောက် ရှင်သန်ကြီးထွားနိုင်ရန် ဒြပ်စင် ၁၀ မျိုးကိုလိုအပ်သည်။ ၎င်းတို့အနက် သုံးမျိုးမှာ မြေဆီလွှာထဲ၌ လုံးဝမပါရှိဘဲသော်လည်းကောင်း ရှိသင့်သည့်ပမာဏအောက် လျော့နည်း၍သော်လည်းကောင်း တွေ့ရတတ်သည်။ အဆိုပါဒြပ်စင်သုံးမျိုးအနက် ဒြပ်စင်တစ်မျိုးမျိုးက မြေဆီလွှာအတွင်း၌ အလုံအလောက်မပါရှိလျှင် မြေဆီလွှာသည် မြေဩဇာညံ့ဖျင်းသည့်အခြေအနေသို့ ရောက်ရှိသွားတော့သည်။ ၎င်းဒြပ်စင်လိုအပ်ချက်ကို ထပ်မံဖြည့်စွက်ခြင်းမပြုသရွေ့ကာလပတ်လုံး မြေဆီလွှာက မြေဩဇာကောင်းမွန်ထက်သန်လာမည်မဟုတ်ပေ။

မြေဆီလွှာသည် မြေဩဇာကောင်းမွန်ထက်သန်လာရန်အတွက် အခြားသောအချက်အလက်များနှင့်လည်း ပြည့်စုံရန်လိုအပ်သေးသည်။ မြေဆီလွှာအတွင်းရှိရေသည် မြေဆီလွှာအတွက် အသင့်လျော်ဆုံးပမာဏ၌ရှိနေခြင်း၊ အောက်ဆီဂျင်ဓာတ်များပြည့်စုံခြင်း၊ အပူအအေးသမမျှတခြင်း၊ မြေဆီလွှာ၌ အချဉ်ဓာတ်ကင်းမဲ့ခြင်း၊ မြေဆီလွှာထဲ၌ ၎င်းမြေဆီလွှာနှင့်သင့်လျော်သည့် ဗက်တီးရီးယားများပါရှိခြင်း၊ ၎င်းဗက်တီးရီးယားတို့ကလည်း သက်ဆိုင်ရာလုပ်ငန်းဆောင်တာများကို စွမ်းအားပြည့်လုပ်ဆောင်နိုင်ခြင်း စသည်တို့ပင်ဖြစ်သည်။

မြေဆီလွှာသည် မြေဩဇာအစဉ်ထက်သန်ကောင်းမွန်နေရန်အတွက် အထက်ဖော်ပြပါအချက်အလက်များနှင့်ကိုက်ညီပြည့်စုံနေရန် လိုအပ်ပြီး အကယ်၍ အဆိုပါအချက်အလက်များအနက် တစ်ခုခုချို့တဲ့နေပါက သို့တည်းမဟုတ် ချွတ်ယွင်းနေပါက မြေဩဇာညံ့ဖျင်းသည့် မြေဆီလွှာအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး ကောက်ပဲသီးနှံအထွက်နှုန်းကလည်း ဆုတ်ယုတ်ကျဆင်းသွားလိမ့်မည်ဖြစ်သည်။

မြေဆီလွှာထဲ၌ အပင်များက စုပ်ယူသုံးစွဲရန် လိုအပ်သော အပင်စာများယုတ်လျော့မသွားစေရန်နှင့် ထိုအပင်စာများကို အပင်တို့ကလွယ်လင့်တကူ ယူငင်အသုံးပြုနိုင်ကြစေရန်အတွက် အပင်စာအားဖြည့်ပေးသည့် လုပ်ငန်းဆောင်တာများကို စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့က စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသရွေ့ ကာလပတ်လုံး ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းဆောင်တာများအနက် သစ်စိမ်းမြေဩဇာ ဖန်တီးပြုလုပ်သည့်လုပ်ငန်းမှာ အလွန်ထိရောက်သောနည်းလမ်းတစ်ရပ်ဖြစ်သည်။

သစ်စိမ်းမြေဩဇာရရှိရေးအတွက် စိုက်ပျိုးတောင်သူတို့က ရှေးပဝေသဏီကာလကတည်းက အစဉ်အဆက်လုပ်ကိုင်ခဲ့ကြသော နည်းလမ်းတစ်ရပ်မှာ အပင်စိမ်းများကို အမြစ်ကလှန်၍ထယ်ထိုးပေးခြင်းပင်ဖြစ်သည်။ ပဲလုံးပင်နှင့် ပဲတောင့်ပင် စသောအပင်များကို ရှေးခေတ် ရောမလူမျိုးများလက်ထက်ကသာမက ၎င်းတို့ထက် ရှေးကျသောလူမျိုးများလက်ထက်ကတည်းကပင် သစ်စိမ်းမြေဩဇာရရှိရေးအတွက် အသုံးပြုခဲ့ကြသည်။ မျက်မှောက်ကာလခေတ်သစ်စိုက်ပျိုးရေးလုပ်ငန်းကို စနစ်တကျစီမံဆောင်ရွက်လုပ်ကိုင်ကြသော စိုက်ပျိုးတောင်သူတို့ကလည်း သစ်စိမ်းမြေဩဇာကို ဖန်တီးရယူသုံးစွဲခြင်းကို လုပ်ကိုင်နေကြသည်မှာ ကမ္ဘာနှင့်အဝန်းပင်ဖြစ်သည်။

သစ်စိမ်းမြေဩဇာရရှိရေးအတွက် အပင်စိမ်းများကို ထယ်ထိုးမြေလှန်ပစ်ရန်အတွက် အကောင်းဆုံးသောအချိန်မှာ ထိုအပင်များ စိမ်းလန်းစိုပြည်နေသော အချိန်ကာလပင်ဖြစ်သည်။ ထိုအချိန်မျိုးတွင် မြေလှန်ထယ်ထိုးပေးခြင်းအားဖြင့် အပင်စိမ်းများအတွင်းရှိ ရေက မြေဆီလွှာနှင့်ပူးပေါင်းသွားနိုင်သည့်အပြင် အပင်ကိုယ်တိုင်ကလည်း လျင်မြန်စွာဆွေးမြည့်သွားသည်။ ပဲလွမ်းပင်ကဲ့သို့သော နှစ်မြောင်းကွဲသီးတောင့်အပင်မျိုးကို ထယ်ထိုးပေးခြင်းအားဖြင့် မြေဆီလွှာထဲ၌ အော်ဂဲနစ်ဒြပ်များ တိုးပွားလာမည်ဖြစ်သည့်အပြင် ထိုအပင်တို့၏အမြစ်များရှိ အမြစ်ဖုငယ်များအတွင်း၌ နေထိုင်သည့် ဗက်တီးရီးယားများကြောင့် နိုက်ထရိုဂျင်ဒြပ်စင်များကလည်း တိုးပွားလာလိမ့်မည်ဖြစ်သည်။

အပင်စိမ်းများကိုမြေလှန်၍ ထယ်ထိုးသည့်အခါ၌ သတိပြုသင့်သည့်အချက်မှာ ထယ်ကြောင်းမှဖယ်ထုတ်လိုက်သော မြေစိုင်ခဲများက ကောက်ပဲသီးနှံပင်များပေါ်သို့ ဖုံးလွှမ်းမသွားစေရန်ဖြစ်သည်။ အကယ်၍ ဖုံးအုပ်သွားသည်ဆိုပါက ၎င်းအပင်စိမ်းများမှာ အထက်ဘက်ရှိ မြေဆီလွှာနှင့်အောက်ဘက်ရှိ မြေဆီလွှာအကြား၌ ပိတ်ဆို့နေကာ မြေဆီလွှာအတွင်းရှိ ရေများက လွတ်လပ်စွာစီးဆင်းခြင်းမပြုနိုင်တော့သည့်အတွက် စိုက်ပျိုးမည့်ကောက်ပဲသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်တတ်သည်။

ကမ္ဘာတစ်ဝန်းရှိ အများစုသော စိုက်ပျိုးရေးလုပ်ငန်းများ၌ စိုက်ပျိုးမြေဆီလွှာကို သစ်စိမ်းမြေဩဇာကျွေးပြီးသည်နှင့်တစ်ပြိုင်နက် ကောက်ပဲသီးနှံများကို စိုက်ပျိုးလေ့ရှိကြရာ ထိုနည်းလမ်းက မြေဆီလွှာထဲရှိ ဗက်တီးရီးယားတို့၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ လေနှင့်ရေတို့၏ရွေ့လျားမှုကိုလည်းကောင်း ပိုမိုကောင်းမွန်လာစေသည်။ အကယ်၍ မြေဆီလွှာအချဉ်ပေါက်နေပါက အော်ဂဲနစ်ဒြပ်များမှထွက်ပေါ်လာသောပစ္စည်းများကို ဓာတ်ပြယ်သွားစေရန်အတွက် ထုံးနှင့်သစ်စိမ်းမြေဩဇာကို ရောနှောထည့်ခြင်းကိုလည်းကောင်း၊ ထုံးကိုဦးစွာထည့်ပြီးမှ သစ်စိမ်းမြေဩဇာကို ထပ်မံထည့်ခြင်းကိုလည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**❖အပင်သည် ၎င်းအတွက်လိုအပ်သောအစာများကို အမြစ်မွှားများမှ တစ်ဆင့်သာမကဘဲ အရွက်များမှတစ်ဆင့်လည်း သွင်းယူနိုင်ကြသည်။ အမြစ်မွှားများနှင့်အရွက်များမှတစ်ဆင့် အသီးသီးဝင်ရောက်လာကြသော အပင်စာများသည် အပင်၏ပင်စည်အတွင်း၌ ရောနှောသွားကြပြီးနောက် နေရောင်ခြည်မှရရှိသောစွမ်းအင်နှင့်ပေါင်းစပ်ကာ အလွန်ရှုပ်ထွေးသော ဓာတ်ပစ္စည်းများဖြစ်လာကြသည်။ အဆိုပါဓာတ်ပစ္စည်းများကြောင့် ကောက်ပဲသီးနှံပင်များ၌ သာမန်ကြီးထွားဖွံ့ဖြိုးမှုကိုဖြစ်ပေါ်လာစေသည်။ ဤနည်းအားဖြင့် အပင်ဖြစ်ပေါ်ကြီးထွားဖွံ့ဖြိုးမှုအတွက် လိုအပ်သော ကစီဓာတ်၊ သကြားဓာတ်၊ အဆီဓာတ်နှင့် ဆီ စသည်တို့မှာ မြေဆီလွှာနှင့် လေမှရရှိသော သာမန်အညတရပစ္စည်းများမှပေါ်ပေါက်လာရသည်။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၅၅၄၅ ဧကထိ စိုက်ပျိုးပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၅၅၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၅၅၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲကြီးဧက ၅၅၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၅၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ပဲကြီးသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် ပဲကြီးသီးနှံများကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဘုတ်ပြင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာချောင်းကျေးရွာနှင့် အေးချမ်းမြိုင်-၂ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမာချောင်းကျေးရွာနှင့် အေးချမ်းမြိုင်-၂ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် ရေလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၄ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကမာချောင်းကျေးရွာနှင့် အေးချမ်းမြိုင်-၂ ကျေးရွာ၌ စီမံကိန်းအသင်းဝင် ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၁ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အထွေး**

## အပြုသဘောစိတ် မွေးလှည့်ပါ

\- ကြည်ဖြူစွာ လက်ကမ်း
မွေးသောပန်း ရှေ့ဆောင်၊
ကိုယ့်မျိုးနွယ် ကိုယ့်သွေးချင်းတို့
ချစ်ခြင်း ဖွဲ့နှောင်၊
စည်းလုံးမှ တို့ပြည်ထောင်
ခေါင်ရောက်အောင် တိုးတက်၊
ခွန်းတုံ့လှယ် နှုတ်စကား
ပျားရည်လိုညက်။

\- မုန်းဖွဲ့မာန် နှောင့်ဆူးမျက်
စိတ်စနက် ဖန်တီးနေ၊
မိုက်မှောင်ကို မယူသင့်
ချိန်ချင့် နိုင်စေ၊
တိုင်းရင်းသား တို့တွေ
တို့ပိုင်မြေ ရှင်သာအရေး၊
တစ်ဦးချင်းစီ အောင်နိမိတ်နဲ့
စိတ်ချိုကိုပေး။

\- ကိုယ်ကြိုက်ရာ စိစစ်ရွေး
အတွေးမည်းတော့ ဆင်ခြင်၊
ချို့ယွင်းဉာဏ် ပူဓာတ်ဖမ်း
လမ်းစဉ်ကို ပြင်၊
တုနှိုင်းမဲ့ ကျေးဇူးရှင်
ရည်ညွှန်းဆင် စေတီဘုရား၊
ဖြိုဖျက် မညာ
ပိုရုက်စရာ ဖြစ်ရပ်မျိုးရယ်နဲ့
အညိုထက်မှာ ညစ်ထပ်ပိုးလျှင်တော့
(သံသရာမှာလည်း…)
ဆိုးမှုတွေများ။ ။

ချမ်းမြေ့(ဇလွန်မြေ)

## နိုင်ငံတကာ သတင်းများ

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနဝေဖန်

**နယူးယောက် ဖေဖော်ဝါရီ ၃**

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး မာကိုရူဘီယိုကို မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာဝေဖန်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ အာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သတင်းမီဒီယာများနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ရူဘီယိုက မြောက်ကိုရီးယားနိုင်ငံကို ထင်ရာစိုင်းနေသော နိုင်ငံအဖြစ် ဝေဖန်ခဲ့ပြီးနောက် မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာန၏ တုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ရူဘီယို၏ အဆိုပါဝေဖန်ချက်သည် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားများအတွက် အထောက်အကူမပြုနိုင်ကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် အမေရိကန်အစိုးရ၏ ရန်လိုမှုများကို ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်းလည်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အဆိုပါထုတ်ပြန်ချက်သည် အမေရိကန်သမ္မတ ရာထူးကို ဒေါ်နယ်ထရန့်ရယူခဲ့ပြီး နောက်ပိုင်းပထမဆုံးအကြိမ်အဖြစ် အမေရိကန်အစိုးရကို ဝေဖန်မှုဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနသည် သမ္မတ ဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့၏ ဒုံးကျည်ကာကွယ်ရေးစနစ်သစ် တည်ဆောက်ရေး အစီအစဉ်ကိုလည်း ဝေဖန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဆီးရီးယားနိုင်ငံ၌ ကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၁၅ ဦး သေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၃**

ဆီးရီးယားနိုင်ငံ မင်းဘစ်ဂျ်မြို့၌ ယနေ့တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၁၅ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

မင်းဘစ်ဂျ်မြို့ ကားဗုံးပေါက်ကွဲမှုသည် ဆီးရီးယားနိုင်ငံ၌ သုံးရက်တာကာလအတွင်း ဖြစ်ပွားခဲ့သော ဒုတိယမြောက် တိုက်ခိုက်မှုဖြစ်သည်။

မင်းဘစ်ဂျ်မြို့ ကားဗုံးပေါက်ကွဲမှုအတွင်း အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရာ သမ္မတဟောင်း အာဆတ်ပြုတ်ကျခဲ့ပြီးနောက်ပိုင်း လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်ခဲ့ရသည်။

ယင်းအပြင် အဆိုပါကားဗုံးပေါက်ကွဲမှုကြောင့် အမျိုးသမီး ၁၅ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်ကလည်း မင်းဘစ်ဂျ်မြို့၌ ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အရပ်သား လေးဦးသေဆုံး၍ ကိုးဦးဒဏ်ရာများရခဲ့ကြောင်း ဆီးရီးယားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယနေ့ ကားဗုံးပေါက်ကွဲမှုတွင် သေဆုံးခဲ့ရသူ အများစုမှာ စိုက်ပျိုးရေးအလုပ်သမားများ ဖြစ်ကြပြီး သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီ သို့မဟုတ် ယူအေအီး၌ ကျင်းပနိုင်




**မော်စကို ဖေဖော်ဝါရီ ၃**

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်တို့၏ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီအာရေဗျနိုင်ငံ သို့မဟုတ် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၌ ကျင်းပနိုင်ဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယူကရိန်းစစ်ပွဲကို အမြန်ဆုံး အဆုံးသတ်ပေးမည်ဖြစ်ပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးရန်လည်း အဆင်သင့်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားထားသည်။

ယင်းအပြင် ရုရှားသမ္မတပူတင်ကလည်း သမ္မတဒေါ်နယ်ထရန့်၏ ရွေးကောက်ပွဲအနိုင်ရလဒ်အတွက် ဂုဏ်ပြုထားပြီး ယူကရိန်းပြဿနာ၊ စွမ်းအင်ပြဿနာများဆွေးနွေးရေးအတွက် ဒေါ်နယ်ထရန့်နှင့်တွေ့ဆုံဆွေးနွေးရန်အသင့်ရှိကြောင်း ရုရှားသမ္မတပူတင်ကလည်း ပြောကြားထားသည်။

အကယ်၍ ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ခဲ့ပါက ယင်းဆွေးနွေးပွဲကို ဆော်ဒီအာရေဗျ သို့မဟုတ် ယူအေအီးတွင် ကျင်းပနိုင်ကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက မီဒီယာများသို့ ပြောကြားထားသည်။

ဒေါ်နယ်ထရန့်နှင့် ပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီ သို့မဟုတ် ယူအေအီးတွင် ကျင်းပနိုင်သည်ဆိုသောသတင်းများကို ရုရှားနှင့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့နှစ်ဦးစလုံးသည် ဆော်ဒီခေါင်းဆောင်များ၊ ယူအေအီးခေါင်းဆောင်များနှင့် ဆက်ဆံရေးကောင်းမွန်သူများဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂျီနင်းဒုက္ခသည်စခန်းရှိ အဆောက်အအုံ ၂၃လုံးကို အစ္စရေးတပ်ဖွဲ့ဝင်များ ဖောက်ခွဲဖြိုချ

**ရာမာလာ ဖေဖော်ဝါရီ ၃**



အနောက်ဘက်ကမ်းဒေသ ဂျီနင်းဒုက္ခသည်စခန်းမှ အဆောက်အအုံများကို အစ္စရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂ ရက်တွင် ဖောက်ခွဲဖြိုချခဲ့ကြောင်း သိရသည်။

အနောက်ဘက် ကမ်းဒေသ ရာမာလာမြို့၌ စစ်ဆင်ရေးများ ပြုလုပ်နေသော အစ္စရေးတပ်ဖွဲ့ဝင်များသည် အဆိုပါအဆောက်အအုံများကို တစ်ပြိုင်နက်တည်းလိုလို ဆက်တိုက် ဖောက်ခွဲဖြိုချခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်း စစ်သွေးကြွများ၏ ဖောက်ခွဲရေးပစ္စည်းထုတ်လုပ်ရေးဓာတ်ခွဲခန်းများ၊ လက်နက်ခဲယမ်းများနှင့် ကင်းစခန်းများ တည်ရှိနေသော ဂျီနင်းဒုက္ခသည်စခန်းနယ်မြေအတွင်းရှိ အဆောက်အအုံ ၂၃ လုံးကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဂျီနင်း ဒုက္ခသည်စခန်းသည် အစ္စရေးနိုင်ငံ စတင်ပေါ်ထွက်ခဲ့သည့် ၁၉၄၈ ခုနှစ်နောက်ပိုင်း ထွက်ပြေးခဲ့ရသော သို့မဟုတ် နှင်ထုတ်ခံခဲ့ရသော ပါလက်စတိုင်းလူမျိုးများ၏ အဆက်အနွယ်များ နေထိုင်ရာ ဒုက္ခသည်စခန်းဖြစ်သည်။

သို့ရာတွင် ဂျီနင်းဒုက္ခသည်စခန်းသည် ပါလက်စတိုင်းစစ်သွေးကြွများ၏ ဗဟိုချက်နေရာတစ်ခုလည်းဖြစ်နေကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

အစ္စရေးတပ်များသည် ဂျီနင်းဒုက္ခသည်စခန်းတည်ရှိရာ ရာမာလာမြို့ကို ဇန်နဝါရီ ၂၁ ရက်တွင် စစ်ဆင်ရေးများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မော်စကိုမြို့ အဆင့်မြင့်ဇိမ်ခံတိုက်ခန်းတစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိ

**မော်စကို ဖေဖော်ဝါရီ ၃**

ရုရှားနိုင်ငံ မော်စကိုမြို့အဆင့်မြင့်ဇိမ်ခံတိုက်ခန်းတစ်ခု၌ ယနေ့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံး၍ လေးဦး ဒဏ်ရာရခဲ့ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုသည် ယူကရိန်းအရှေ့ပိုင်းမှ ရုရှားလိုလားသည့် နယ်ခံလက်နက်ကိုင်အုပ်စုခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထားပြုလုပ်ခဲ့သော တိုက်ခိုက်မှုဖြစ်သည်။

စကားလက်ဆောလ်အမည်ရှိ အဆင့်မြင့် လူနေအဆောက်အအုံတစ်လုံးအတွင်းသို့ အမျိုးသားတစ်ဦးနှင့် သက်တော်စောင့်များဝင်ရောက်လာချိန်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိခဲ့သူများအနက် အာမင်ဆာကစ်ယန်အမည်ရှိ အမျိုးသားမှာ ယူကရိန်းအရှေ့ပိုင်း၌ ရုရှားတပ်များ၏စစ်ဆင်ရေးများကို ကူညီနေသူအဖြစ် ယူကရိန်းအစိုးရက စွပ်စွဲထားသူဖြစ်သည်။

ယနေ့ ဗုံးခွဲတိုက်ခိုက်မှုသည် သေသေချာချာ စီစဉ်ထားသော လုပ်ကြံမှုဖြစ်ကြောင်း ရုရှားအစိုးရတာဝန်ရှိသူများက သုံးသပ်ထားသည်။

ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိခဲ့သော အာမင်ဆာကစ်ယန်မှာ အခြေအနေစိုးရိမ်ရပြီး ခြေထောက်တစ်ဖက် ဖြတ်တောက်ထားရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျပန်အာကာသအေဂျင်စီက ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးအာကာသမစ်ရှင်ကို ဖေဖော်ဝါရီ ၂ ရက်တွင် လွှတ်တင်



**တိုကျို ဖေဖော်ဝါရီ ၃**

ဂျပန် အာကာသအေဂျင်စီသည် ၎င်း၏ ၂၀၂၅ ခုနှစ်အတွက် ပထမဆုံး အာကာသမစ်ရှင်ကို ဖေဖော်ဝါရီ ၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် ဖေဖော်ဝါရီ ၂ ရက်တွင် မီချီဘီကီ-၆ အမည်ရှိ တည်နေရာနှင့် လမ်းကြောင်းပြစနစ် ဂြိုဟ်တုကို အိတ်ချ်-၃ ဒုံးပျံဖြင့် တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး ၂၉ မိနစ်အကြာတွင် အိတ်ချ်-၃ ဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၄၉၀၀ ရှိသော မီချီဘီကီ-၆ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မီချီဘီကီ-၆ ဂြိုဟ်တုသည် ဂျပန်အာကာသအေဂျင်စီ၏ QZSS အမည်ရှိ တည်နေရာနှင့် လမ်းကြောင်းပြ ဂြိုဟ်တုကွန်ရက်၏ ပဥ္စမမြောက်ဂြိုဟ်တုဖြစ်သည်။

မီချီဘီကီ-၆ ဂြိုဟ်တုမစ်ရှင်သည် အိတ်ချ်-၃ ဒုံးပျံများ၏ ပဥ္စမမြောက် မစ်ရှင်ဖြစ်ပြီး ဂျပန်အာကာသအေဂျင်စီအတွက် ယခုနှစ်၏ ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် အိတ်ချ်-၃ ဒုံးပျံများကို ၂၀၂၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘန်နူးဂြိုဟ်သိမ်မှရယူထားသော နမူနာကျောက်သားများထဲတွင် သက်ရှိများဖြစ်ပေါ်ရေးအတွက် လိုအပ်သည့်ဇီဝအခြေခံပစ္စည်းများပါဝင်နေ


**လန်ဒန် ဖေဖော်ဝါရီ ၃**

ဘန်နူးဂြိုဟ်သိမ်မှ ရယူထားသော နမူနာကျောက်သားများထဲတွင် သက်ရှိများဖြစ်ပေါ်ရေးအတွက် လိုအပ်သည့်ဇီဝအခြေခံပစ္စည်းများ ပါဝင်နေကြောင်း ဖေဖော်ဝါရီ ၂ ရက်သတင်းများအရ သိရသည်။

ဘန်နူးဂြိုဟ်သိမ်ကျောက်သားနမူနာများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)၏ အောစီးရစ်ရက်စ် အာကာသယာဉ်က ၂၀၂၀ ပြည့်နှစ်အတွင်း ရယူပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘန်နူးဂြိုဟ်သိမ်၏ ကျောက်သားနမူနာများထဲတွင် ဆိုဒီယမ်ကလိုရိုက် အပါအဝင် သက်ရှိများပေါ်ထွက်ရေးအတွက် လိုအပ်သည့် ဇီဝအခြေခံပစ္စည်းများ ပါဝင်နေကြောင်း သိရသည်။





အဆိုပါ တွင်းထွက်ဓာတ်များသည် ဘန်နူးဂြိုဟ်သိမ်မြေအောက်ရှိ ဆားဓာတ်ပါသော ရေများမှတစ်ဆင့် ပေါ်ထွက်လာသော တွင်းထွက်ဓာတ်များ ဖြစ်နိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဘန်နူးဂြိုဟ်သိမ်သည် နေအဖွဲ့အစည်းအတွင်း စတင်ပေါ်ထွက်ချိန် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံခန့်က ဖြစ်ပေါ်လာသည့် ရှေးမဂြိုဟ်သိမ်ကြီး တစ်စင်း၏ အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

ဘန်နူးဂြိုဟ်သိမ်၏ ဓာတုဖွဲ့စည်းပုံများကို လေ့လာခြင်းဖြင့် နေအဖွဲ့အစည်း၏သမိုင်းဦးကာလကို ဖော်ထုတ်ရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မွန်ဂိုလီးယားနိုင်ငံ ဂိုဘီသဲကန္တာရဒေသ၌ အသီးအရွက်စား ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို ဂျပန်နှင့်မွန်ဂိုလီးယားသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**တိုကျို ဖေဖော်ဝါရီ ၃**

မွန်ဂိုလီးယားနိုင်ငံ ဂိုဘီသဲကန္တာရဒေသ၌အသီးအရွက်စား ဒိုင်နိုဆောတစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို ဂျပန်နှင့် မွန်ဂိုလီးယား သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများသည် သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၇၀ ခန့်ရှိပြီဖြစ်ကြောင်း ဂျပန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် ခရီတေးစီးယပ်စ်ဘူမိခေတ်မှ အသီးအရွက်စား ဒိုင်နိုဆောတစ်မျိုးဖြစ်သည့် ဆော်ရိုလိုဖပ်စ်ခေါ် ဒိုင်နိုဆောများ၏ ခြေရာများဖြစ်ကြသည်။

ဂျပန်သိပ္ပံပညာရှင်များတွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်း ခြေရာတစ်ခုမှာ အချင်းအားဖြင့် သုံးပေထိရှိရာ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အကြီးမားဆုံး ဆော်ရိုလိုဖပ်စ် ခြေရာဖြစ်ကြောင်း သိရသည်။

ဂျပန် သိပ္ပံပညာရှင်များ ဂိုဘီသဲကန္တာရထဲ၌ တွေ့ရှိခဲ့သော ဆော်ရိုလိုဖပ်စ် ဒိုင်နိုဆောခြေရာတန်းသည် ၂၄ မီတာရှည်လျားပြီး ကျောက်ဖြစ်ရုပ်ကြွင်းခြေရာပေါင်း ၁၃ ခုထိ ပါဝင်သည်။

ဆော်ရိုလိုဖပ်စ် ဒိုင်နိုဆောများသည် ကိုယ်ခန္ဓာအရွယ်အစား အလျား ၁၅ မီတာ (ပေ ၅၀) ထိရှိသော လွန်စွာကြီးမားသည့် အသီးအရွက်စား ဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# H E A L T H

## အသုံးများသည့်အကိုက်အခဲပျောက်ဆေးတစ်မျိုးက ဦးနှောက်မှတ်ဉာဏ်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၃**

ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့ အသုံးများသည့် အကိုက်အခဲပျောက်ဆေး တစ်မျိုးသည် နာကျင်ကိုက်ခဲမှုများကို သက်သာစေသည့်အပြင် ဦးနှောက်မှတ်ဉာဏ်ကိုလည်း မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၂ ရက်သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ Ibuprofen ခေါ် ရောင်ရမ်းမှု တိုက်ဖျက်ရေးဆေးသည် ဦးနှောက်၏ပတ်ဝန်းကျင်အပေါ် ပြန်လည်တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ibuprofen ဆေးသည် ခေါင်းကိုက်ခြင်း၊ ခါးနာခြင်း၊ သွားကိုက်ခြင်းများအတွက် အသုံးပြုသည့် ရောင်ရမ်းမှု တိုက်ဖျက်ရေးဆေးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ Ibuprofen ဆေးသည် ဦးနှောက်၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ အခြားအကိုက်အခဲပျောက်ဆေးတစ်မျိုးဖြစ်သည့် Paracetamol ဆေးများကမူ မှတ်ဉာဏ်အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကိုယ်ဝန်ဆောင်ကာလ မိခင်လောင်းများ၏ကျန်းမာရေးက ကလေးများ၌ အော်တစ်ဇင်ဖြစ်နိုင်ခြေအပေါ် သက်ရောက်မှုမရှိ

**နယူးယောက် ဖေဖော်ဝါရီ ၃**

ကိုယ်ဝန်ဆောင်ကာလ မိခင်လောင်းများ၏ ကျန်းမာရေးသည် မွေးဖွားလာသည့် ကလေးများ၌ အော်တစ်ဇင်ရောဂါ ဖြစ်နိုင်ခြေအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များတွင် ကိုယ်ဝန်ဆောင်ကာလ မိခင်လောင်းများ၏ကျန်းမာရေးသည် ကလေးများ၏အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေနှင့် ဆက်စပ်မှုရှိကြောင်း တင်ပြထားသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ မိခင်လောင်းများ၏ ကိုယ်ဝန်ဆောင်ကာလကျန်းမာရေးအခြေအနေကြောင့် မွေးဖွားလာသည့်ကလေးများ၌ အော်တစ်ဇင်ရောဂါ ဖြစ်ပွားတတ်ကြောင်း ပြသနိုင်သည့်သက်သေအထောက်အထားမတွေ့ရကြောင်း အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ကလေးများ၌ အော်တစ်ဇင်ရောဂါဖြစ်ပွားမှုသည် မိခင်များ၏ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးအခြေအနေများနှင့်ဆက်စပ်မှုမရှိဘဲ မျိုးဗီဇ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်ထိတွေ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုရယူနိုင်သောအဆင့်စသည့်ရောဂါနောက်ခံအကြောင်းတရားများနှင့် ဆက်စပ်နေနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် မိခင် ၆၀၀၀၀၀ ကျော်နှင့်မွေးဖွားလာသည့် ကလေး ၁ ဒသမ ၁ သန်းတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် သစ္စာအားမာန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် စောမျိုးဇော်က သွင်းယူနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် စောမျိုးဇော်က ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်နှင့် ၅၉ မိနစ်တို့တွင် ပက်ထရစ်က သွင်းယူပေးနိုင်ခဲ့ကာအဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းနှင့် အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့် ခံစစ်ကစားသမား ခန့်ဇင်ဟိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# ပဲလေ့စ်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမားမာတီနက်ဇ် ဒဏ်ရာပြင်းထန်စွာရရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၃**

မန်ယူအသင်းနှင့် ပဲလေ့စ်အသင်းတို့ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ပဲလေ့စ်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်းအသင်းမှ ခံစစ်ကစားသမား မာတီနက်ဇ် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကိုလွဲချော်နိုင်သည်ဟု မန်ယူအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ခံစစ်ကစားသမား မာတီနက်ဇ်သည် ပွဲကစားချိန် ၈၂ မိနစ်အရောက်တွင် ပဲလေ့စ်အသင်းတိုက်စစ်မှူး အစ်စမာလီယာဆား၏ တိုက်စစ်ဆင်မှုကို ဖြတ်တောက်ရန် ကြိုးပမ်းခဲ့ရာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သဖြင့် ကွင်းအတွင်း ဆေးကုသမှုခံယူခဲ့ရပြီး ဒဏ်ရာပြင်းထန်မှုကြောင့် ဆေးအဖွဲ့၏အကူအညီဖြင့် ထွက်ခွာခဲ့ရကြောင်း သိရသည်။

မာတီနက်ဇ်သည်၂၀၂၂ ခုနှစ်က အေဂျက်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း ခြေဖဝါးဒဏ်ရာနှင့် ဒူးဒဏ်ရာတို့ကြောင့် ကာလရှည်အနားယူခဲ့ရသည့်အပြင် ယခုပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် ကာလရှည် ထပ်မံ အနားယူရဖွယ်ရှိကြောင်း နည်းပြအာမိုရင်က ပြောကြားခဲ့သည်။

လက်ရှိတွင် မာတီနက်ဇ်၏ ဒဏ်ရာကိုလိုအပ်သည့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်နေသောကြောင့် အတိအကျထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ ဆရာဝန်၏ အတည်ပြုချက်ရရှိမှသာ ဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ်ပြောကြားသွားမည် ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ပဲလေ့စ်အသင်းကိုအိမ်ကွင်းတွင် နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အိမ်ကွင်းခုနစ်ပွဲထိ ရှုံးနိမ့်ခဲ့ကာအဆင့်(၁၃) တွင် ရောက်ရှိခဲ့သဖြင့် ၁၉၇၃-၁၉၇၄ ဘောလုံးရာသီကလည်း အမှတ်ပေးဇယားအဆင့်(၁၃)သို့ ရောက်ရှိခဲ့ပြီးနောက်တန်းဆင်းခဲ့ရကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**



## HGV Tournament Of Champions ပြိုင်ပွဲ၌ အေလင်မ်ကင်မ်ချန်ပီယံဆုဆွတ်ခူး

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် LPGA Tour ၏ ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးကျင်းပသည့် အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သော HGV Tournament Of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အေလင်မ်ကင်မ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဆွီဒင်ဂေါက်သီးရိုက်မယ် ဂရန့်လင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

နယ်လီကော့ဒါသည် နိုင်ငံအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သလို ဒုတိယနေ့မှစတင်၍ နောက်ဆုံးနေ့ထိလည်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သော်လည်း နယ်လီကော့ဒါသည် ပထမနေ့တွင် ရလဒ်မကောင်းခဲ့ဘဲ နောက်မှလိုက်ကစားခဲ့ရခြင်းဖြစ်ပြီး အေလင်မ်ကင်မ်က ပထမနေ့မှ နောက်ဆုံးနေ့ထိ ပုံစံကောင်းကိုထိန်းသိမ်းနိုင်ခဲ့ကာ ရိုက်ချက်နှစ်ချက်အသာဖြင့် နယ်လီကော့ဒါအား ကျော်ဖြတ်ပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အေလင်မ်ကင်မ်က "ပထမနေ့ကတည်းက အကောင်းဆုံးကစားနိုင်ခဲ့ပြီးတော့ ပုံစံကောင်းကို နောက်ဆုံးနေ့ထိ ထိန်းသိမ်းနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ နယ်လီကလဲ နောက်ဆုံးနေ့ထိကို အကောင်းဆုံး ကစားနိုင်ခဲ့တယ်။ ကျွန်မအနေနဲ့ အမှတ်ပေးဇယားမှာ နယ်လီရဲ့ ရလဒ်တွေကိုပဲ တောက်လျှောက် စောင့်ကြည့်ခဲ့တယ်။ ပထမနေ့ရလဒ်က အဆုံးအဖြတ်ဖြစ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ❑ ဘရိုက်တန်အသင်းက ဘွန်ဒက်လီဂါ -၂ မှ နုရင်ဘတ်အသင်း တိုက်စစ်မှူး ဇီမက်စ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❑ ဖီရင်နှအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဂျီမီနက်ဇ်ကို အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၂၉ သန်းပေးချေ၍ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။
- ❑ ချဲလ်ဆီးအသင်းမှ ထွက်ခွာရန် သဘောတူညီမှုရရှိခဲ့သည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို အေစီမီလန်အသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူရန်သဘောတူညီမှုရခဲ့ပြီးနောက် ကစားသမားအနေဖြင့် ဆေးစစ်မှုပြုလုပ်နေကြောင်းသိရသည်။
- ❑ ဝက်စ်ဟမ်းအသင်းနည်းပြဂရာဟမ်ပေါ်တာက ဘရိုက်တန်အသင်းမှ တိုက်စစ်မှူး ဖာဂူဆန်ကို အငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်းတွင် ကျောနံပါတ် ၃၄ ကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ML**

## Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်း ဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadiumတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက KBK Team အသင်းနှင့် Royal Brother အသင်းတို့ကစားခဲ့ရာ KBK Team အသင်းက သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉နာရီခွဲက Legend FC အသင်းနှင့် War Khin Kone အသင်းတို့ ကစားခဲ့ရာ War Khin Kone အသင်းက သုံးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ နံနက် ၁၁နာရီက SLW FC အသင်းနှင့် Poenix FC အသင်းတို့ကစားခဲ့ရာ Poenix FC အသင်းက ခုနစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲက Lay Pyae အသင်းနှင့် Team YG U–19 အသင်းတို့ကစားခဲ့ရာ Team YG U–19 အသင်းက ငါးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးလျှင် ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ရက်တို့တွင်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီနှင့် ဗိုလ်လုပွဲစဉ်ကို နံနက် ၁၀ နာရီတို့တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း မန်စီးတီးအသင်းကိုဂိုးပြတ်အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ်ကို အာဆင်နယ်အသင်းပြန်လည်ရရှိ




**လန်ဒန် ဖေဖော်ဝါရီ ၃**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၄) အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းက အိမ်ကွင်းတွင် ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်း တစ်လျှောက် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း ဂိုးအပြတ်ဆုံးနိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် နည်းပြအာတီတာ လက်အောက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်များ၌ နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားခဲ့ပြီး အစောပိုင်းက တစ်ကြိမ်သာအနိုင်ရရှိခဲ့သော်လည်းယခုအခါ နည်းပြအာတီတာ လက်အောက်တွင် ဂိုးအပြတ်ဆုံးနိုင်ပွဲတစ်ပွဲ ပြန်လည် ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် အိမ်ကွင်းတွင် မန်စီးတီးအသင်းကို ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာအာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် အိုဒီဂတ်၊ ပွဲချိန် ၅၆ မိနစ်တွင် ပါတေး၊ ပွဲချိန် ၆၂မိနစ်တွင် လီဝစ်စကယ်လီ၊ ပွဲချိန် ၇၆မိနစ်တွင် ကိုင်ဟာဗက်၊ ပွဲချိန် ၉၃မိနစ်တွင် အနဝမ်နာရီတို့က သွင်းယူပေးနိုင်ခဲ့ကာ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဟာလန်းက သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ် အသင်းသည် အသင်းသမိုင်း တစ်လျှောက်တွင် မန်စီးတီးအသင်းကို နောက်ဆုံးအကြိမ် ဂိုးပြတ်ဆုံးနိုင်ပွဲအဖြစ်ပြီးခဲ့သည့် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် မန်စီးတီးအသင်း အိမ်ကွင်းတွင်ကစားခဲ့သည့်ပွဲစဉ်၌ ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုအခါတွင်လည်း ငါးဂိုး တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း မန်စီးတီးအသင်းကို ဂိုးအပြတ်ဆုံး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Flashscore
Trs : STA

# Open Occitanie တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု ကနေဒါကစားသမားဖီလစ်အူကာ ဆွတ်ခူး

**မောင့်ပယ်လီယာ ဖေဖော်ဝါရီ ၃**

ပြင်သစ်နိုင်ငံ မောင့်ပယ်လီယာမြို့တွင်ကျင်းပခဲ့သည့် Open Occitanieတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကနေဒါတင်းနစ်ကစားသမား ဖီလစ်အူကာနှင့် အမေရိကန်တင်းနစ်ကစားသမား ကိုဗာစီဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖီလစ်အူကာက (၆-၂၊ ၆-၇၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီလစ်အူကာသည် ပြီးခဲ့သည့် ဇန်နဝါရီလက ဩစတြေးလျနိုင်ငံတွင် ကျင်းပခဲ့သော Adelaide Internationalတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ပြီး ၂၀၂၅ ခုနှစ် တင်းနစ်ရာသီ၏ ပထမဆုံးသောဆုဖလားကို ဆွတ်ခူးခဲ့သူဖြစ်သည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိသော်လည်း ဖီလစ်အူကာ အနေဖြင့် Open Occitanie တင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံးပုံစံဖြင့် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီတွင် ၎င်းအတွက် ဒုတိယမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဖီလစ်အူကာနှင့် ကိုဗာစီဗစ်တို့ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပထမပွဲငယ်တွင် ဖီလစ်အူကာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိကစားခဲ့ရပြီးမှ ဖီလစ်အူကာက ပြန်လည်ရှုံးနိမ့်ခဲ့ရပြီး တတိယပွဲငယ်တွင်လည်းtie-break အဆင့်ထိကစားခဲ့ရပြီး ဖီလစ်အူကာကအနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆု မက်အီလ်ရွိုင်း ဆွတ်ခူး

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမားရှိန်းလော်ရီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားဂလိုဗာနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဂျက်စတင်ရို့စ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

မက်အီလ်ရွိုင်းသည် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် PGA Tour ၌ ပွဲဦးထွက်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲဦးထွက်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်အီလ်ရွိုင်းသည် ပထမနေ့တွင်ရလဒ်မကောင်းခဲ့သော်လည်း ဒုတိယနေ့မှစတင်၍ ရလဒ်များ တိုးတက်လာခဲ့သလို တစ်ရက်ထက်တစ်ရက် စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်လာခဲ့သည်။

မက်အီလ်ရွိုင်းက "လူတွေ တော်တော်များများက ကျွန်တော် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မဲ့ ဂေါက်ကွင်းတွေထဲမှာ Pebble Beach ဒါမှမဟုတ် Augusta ပြိုင်ပွဲတွေကျင်းပတဲ့ ဂေါက်ကွင်း မပါဘူးလို့ ပြောနေကြလိမ့်မယ်။ တကယ်လဲ ကစားရခက်တဲ့ ဂေါက်ကွင်းတွေဖြစ်ပါတယ်။ ဒီလိုဘယ်သူမှ မျှော်လင့်မထားတဲ့ အခြေအနေမျိုးမှာချန်ပီယံဖြစ်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ဆုံးနေ့ဟာ ကစားရတာ အခက်ဆုံးနေ့ ဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်တော်ကြိုသိနေတယ်။ တကယ်တမ်းကစားတဲ့အခါမှာလဲ အရမ်းခက်ခဲခဲ့ပါတယ်။ အခက်အခဲတွေကို အကောင်းဆုံးကျော်ဖြတ်ပြီး ချန်ပီယံဖြစ်ခွင့်ရတာ အင်မတန်မှ ဂုဏ်ယူစရာကောင်းပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ် အေဗီလာအသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့

**မန်ချက်စတာ ဖေဖော်ဝါရီ ၃**

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် နည်းပြသစ်အာမိုရင်လက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိရန်ခက်ခဲလာသောကြောင့် ပွဲကစားခွင့်ရရှိနိုင်မည့် အေဗီလာအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ခြေစွမ်းပိုင်းကောင်းမွန်သဖြင့် အသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ရာ ပြိုင်ပွဲစုံ ပွဲ ၄၀၀ ထိ ကစားခဲ့ရပြီးနည်းပြသစ်အာမိုရင် လက်ထက်တွင် ပုံစံကောင်း ပျောက်ဆုံးခဲ့သောကြောင့် ပွဲကစားခွင့်လျော့နည်းခဲ့သဖြင့် ပွဲကစားခွင့်ရရှိနိုင်မည့် အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

ကလပ်အသင်းနှင့် နှစ်ခုကြားသဘောတူညီချက်တွင် ကစားသမား၏လုပ်ခလစာကိုအေဗီလာအသင်းက ပေးချေရမည့်အပြင် ခြေစွမ်းပြသနိုင်ပါက အပိုဆုကြေးလည်း ထပ်မံပေးချေရမည်ဖြစ်သော်လည်း စာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့် ပါရှိခဲ့ကြောင်း သိရသည်။

အေဗီလာအသင်းသည် တိုက်စစ်ပိုင်းမှ ဒူရန်ကိုအယ်နာဆာအသင်းသို့ လက်လွှတ်ခဲ့ရသဖြင့် တိုက်စစ်ပိုင်းတွင် ဝက်ကင်းနှင့်တွဲဖက်ကစားနိုင်မည့် တိုက်စစ်မှူးတစ်ဦးအလိုရှိသည့်အတွက် ပရီးမီးယားလိဂ်အတွေ့အကြုံကောင်းများရှိသည့် ရက်ရှ်ဖို့ဒ်ကို နည်းပြအမ်မရီက တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် အပြောင်းအရွှေ့ မပိတ်သိမ်းမီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML




# ဒဏ်ရာရကစားသမားများပြားမှုကြောင့် အသင်းကစားကွက်ပိုင်းကျဆင်းခဲ့ဟု နည်းပြပိုစတီကိုဂလူ ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၃**

စပါးအသင်းသည် တနင်္ဂနွေနေ့ကကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အသင်းအနေဖြင့်ဒဏ်ရာရကစားသမားများပြားလာမှုကြောင့် ကစားကွက်ပိုင်းကျဆင်းခဲ့ကြောင်း နည်းပြပိုစတီကိုဂလူက ပြောကြားခဲ့သည်။

စပါးအသင်းသည် လက်ရှိခံစစ်ပိုင်းတွင် ခံစစ်ကစားသမားရိုမီယို၊ အူဒိုဂျီဒရာဂူဆင်တို့ ဒဏ်ရာရရှိနေပြီး ဗဟိုခံစစ်မှ ဗန်ဒီဗန်သည်လည်း ပြီးခဲ့သည့်ယူရိုပါလိဂ်ပြိုင်ပွဲ၌ ပထမပိုင်းတွင် ဒဏ်ရာပြဿနာကြောင့် လူစားလဲခဲ့ရသဖြင့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် လူငယ်ကစားသမားအာချီဂရေးကို ထည့်သွင်းအသုံးပြုခဲ့ရသည်။

နည်းပြ ပိုစတီကိုဂလူသည် ဒဏ်ရာရကစားသမား မြင့်တက်လာမှုကြောင့် လီဗာပူးအသင်း၊ နော်တင်ဟမ်အသင်း၊ ဝုဗ်အသင်း၊ နယူးကာဆယ်အသင်း၊ အာဆင်နယ်အသင်း၊ အဲဗာတန်အသင်း၊ လက်စတာအသင်းတို့ ပွဲစဉ်တွင် နိုင်ပွဲမရရှိခဲ့ဘဲ ရာထူးမှထုတ်ပယ်ခံရရန် နီးစပ်လာခဲ့ပြီး ခံစစ်ပိုင်းတွင် ဒဏ်ရာရကစားသမားများလာမှုကနည်းစနစ်ပိုင်း အခက်ကြုံခဲ့ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြပိုစတီကိုဂလူက "လက်ရှိအသင်းမှာ အဓိက ကစားသမားတွေအပါအဝင် ဒဏ်ရာရ ကစားသမားကိုးဦးထိ ရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ကပွဲထွက်ကစားသမားတွေဒဏ်ရာရခဲ့လို့ ခံစစ်နည်းဗျူဟာပိုင်း တည်ဆောက်မရခဲ့ပါဘူး။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကစားတဲ့ပွဲစဉ်တွေမှာ ကစားသမားတွေရဲ့ ကြံ့ခိုင်မှုနဲ့ စွမ်းဆောင်ရည်ကို ထိန်းသိမ်းပြီးကစားနိုင်ဖို့ မနည်းကြိုးစားခဲ့ရတာပါ။ ဒဏ်ရာရကစားသမားတွေကြောင့် ကစားသမားအများစုက ပွဲဆက်တွေများလာလို့ စွမ်းဆောင်ရည်ကျဆင်းတာတွေရှိပါတယ်။ အခုပွဲမှာ ပြိုင်ဘက် ဘရန့်ဖို့ဒ်ကပြင်ဆင်ချိန်တစ်ပတ်ရပေမဲ့ ကျွန်တော်တို့ကတော့ ရက်ပိုင်းပဲရခဲ့ပြီးနိုင်ပွဲရခဲ့လို့ ကစားသမားတွေ ရဲ့ ကြိုးစားမှုကို ချီးကျူးရမှာပါ"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : ESPN
Trs : ML

# ကမ္ဘာ့အခင်းအကျင်းကို အပြောင်းအလဲဖြစ်လာစေနိုင်သော BRICS

မောင်သောင်းဝင်း(တမန်ဟောင်း)

BRICS အဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ပြုလုပ်သော ထိပ်သီးဆွေးနွေးပွဲတွင် စတင်ထူထောင်စဉ်ကတည်းက ထူးခြားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွက်လာလျက်ရှိသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကဟူသည့် အဖွဲ့ဝင်ငါးနိုင်ငံဖြင့်စတင်ခဲ့သော BRICS အဖွဲ့သည် လက်ရှိအချိန်တွင် အဖွဲ့ဝင်အသစ်ငါးနိုင်ငံအပြင် မိတ်ဖက်ရှစ်နိုင်ငံထိ တိုးချဲ့လာပြီဖြစ်သည်။ လာမည့်နှစ်အနည်းငယ်အတွင်း အဖွဲ့ဝင်နိုင်ငံသစ်များ ပိုမိုပါဝင်လာရန်ပင်ရှိနေသည်။

ထိုသို့ အဖွဲ့ဝင်နိုင်ငံတိုးမြင့်လာခြင်းက BRICS အဖွဲ့အနေဖြင့် အမေရိကန်၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂနိုင်ငံတို့ကဲ့သို့သော အင်အားကြီးနိုင်ငံများ၏ အစဉ်အလာအရ ဦးဆောင်မှုကို စိန်ခေါ်လာမလားဆိုသော မေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။ ထို့ပြင် BRICS အနေဖြင့် စည်းလုံးညီညွတ်မှုရှိအောင်မည်သို့ ရပ်တည်သွားမလဲဆိုသောမေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ စည်းလုံးညီညွတ်မှုလိုအပ်ချက်ရှိသည်ဆိုသောအမြင်သည် BRICS အဖွဲ့တိုးချဲ့ရာတွင် အတားအဆီးဖြစ်ပေါ်စေနိုင်ပေသည်။ BRICS အဖွဲ့အတွင်းရှိ မတူကွဲပြားမှုများမှာ အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် အရှေ့အလယ်ပိုင်းဒေသတွင်း အင်အားကြီးနိုင်ငံများအဖြစ် ယှဉ်ပြိုင်နေခြင်း၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့သည် နိုင်းမြစ်ရေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပဋိပက္ခအမျိုးမျိုးရှိနေခြင်းနှင့် တရုတ်နှင့် အိန္ဒိယနိုင်ငံကြား နယ်စပ်ပြဿနာရှိနေခြင်းတို့ပင်ဖြစ်သည်။

ထို့ကြောင့် BRICS အဖွဲ့၏အင်အားသည် အဖွဲ့ဝင်နိုင်ငံများ၏ မတူကွဲပြားမှုများကို ပေါင်းစည်းနိုင်မှုစွမ်းအားအပေါ် မူတည်လျက်ရှိသည်။ BRICS အဖွဲ့အင်အားကြီးထွားလာမှုကို အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား ယှဉ်ပြိုင်မှုများဖြစ်ပေါ်နေမှုနှင့် ဆက်စပ်ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်။ ကမ္ဘာ့စီးပွားရေးအကြီးမားဆုံးနှစ်နိုင်ငံကြား ပြိုင်ဆိုင်မှုသည် လာမည့်နှစ်များအတွင်း ပိုမိုပြင်းထန်လာဖွယ်ရာရှိသောကြောင့် ခေတ်သစ်ကမ္ဘာ့အခင်းအကျင်းကို ပုံဖော်သွားဖွယ်ရာရှိနေသည်။ ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ တစ်ထရီလီယံထိ စံချိန်တင်ရရှိခဲ့ကြောင်းနှင့် အသားတင်စီးပွားရေးတိုးတက်မှု ငါးရာခိုင်နှုန်းရှိခဲ့ကြောင်း တရုတ်နိုင်ငံ၏ ကြေညာမှုသည် လွန်ခဲ့သော ဆယ်စုနှစ်လေးစုအတွင်း ကမ္ဘာကြီးကို လွှမ်းမိုးခဲ့သည့် အမေရိကန်တို့ဦးဆောင်ချမှတ်ထားသောမူဝါဒများနေရာတွင် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြင့် အစားထိုးသွားမည့်အခင်းအကျင်းကို ပိုမိုမြင့်တင်လာခြင်းပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် စီးပွားရေးပညာရှင်များသည် အမေရိကန်-တရုတ် ယှဉ်ပြိုင်မှုကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး နိုင်ငံအများစုသည် နှစ်ဖက်စလုံးနှင့် ဟန်ချက်ထိန်းညှိချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ ဘရာဇီးနှင့် ပီရူးနိုင်ငံတို့အပါအဝင် အမေရိကန်လွှမ်းမိုးမှုနယ်ပယ်အတွင်းရှိသောနိုင်ငံများသည် အာရှအင်အားကြီးနိုင်ငံမှကမ်းလှမ်းထားသော စီးပွားရေးအခွင့်အလမ်းများ၏ဆွဲဆောင်မှုကြောင့် တရုတ်နိုင်ငံကို သတိထားချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံသည် BRICS အဖွဲ့ရပ်တည်နိုင်ရေးအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် အဓိက ဝိသေသလက္ခဏာနှစ်ခုရှိနေပြီး ၎င်းမှာ အဖွဲ့ဝင်နိုင်ငံများသည် အင်အားကြီးနိုင်ငံများ၏ အဖွဲ့ဝင်မဟုတ်သော ကမ္ဘာ့တောင်ခြမ်းနိုင်ငံများဖြစ်ပြီး တရုတ်နိုင်ငံနှင့် ထူးခြားသော စီးပွားရေးဆက်ဆံမှုများ အထူးသဖြင့် ကုန်သွယ်မှုဆက်ဆံရေးများရှိနေခြင်းပင်ဖြစ်သည်။

**ရပ်ဝန်းနှင့်ပိုးလမ်းမ**

BRICS အဖွဲ့သည် နိုင်ငံပေါင်းစုံဝါဒ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မျှတသောကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားလျက်ရှိသည်။ သို့သော် ၎င်းအဖွဲ့သည် တရုတ်နိုင်ငံအတွက် ၎င်း၏အာဏာနှင့် လွှမ်းမိုးမှုတို့မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် BRICS အဖွဲ့ကို ရပ်ဝန်းနှင့်ပိုးလမ်းမကို ဆက်သွယ်သော အထူးကုန်သွယ်မှုပလက်ဖောင်းအဖြစ်အသုံးချလျက် အောင်မြင်မှုရရှိအောင် လုပ်ဆောင်လျက်ရှိသည်။

BRICS အဖွဲ့သည် လွတ်လပ်သောကုန်သွယ်မှုနှင့် နိုင်ငံပေါင်းစုံဝါဒမြှင့်တင်ကာ အမေရိကန်ကြီးစိုးမှုကို အစားထိုးရပ်တည်ရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် သဘောထားသေးသိမ်သောအင်အားစုများ ကြီးထွားလာသည့်အချိန်တွင် BRICS အဖွဲ့ပေါ်ပေါက်လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းအတွက် အင်အားကြီးမားသော တရားဝင်လက်နက်အဖြစ် ရပ်တည်သယ်ပိုးသွားနိုင်မည်ဖြစ်သည်။

သို့သော် BRICS အဖွဲ့၏ မတူကွဲပြားမှုသည်လည်း အမေရိကန်နိုင်ငံ ဦးဆောင်သော ကမ္ဘာ့အခင်းအကျင်းနေရာတွင် အစားထိုးရပ်တည်နိုင်ရေးကြိုးပမ်းရာတွင် သိသာထင်ရှားသောစိန်ခေါ်မှုအဖြစ် ရပ်တည်လျက်ရှိသည်။ BRICS အဖွဲ့အနေဖြင့် NATO ကဲ့သို့သော စစ်ဘက်မဟာမိတ်အဖွဲ့ သို့မဟုတ် ASEAN ကဲ့သို့သော လွတ်လပ်သောကုန်သွယ်မှုအဖွဲ့ သို့မဟုတ် အမေရိကန်-မက္ကဆီကို-ကနေဒါသဘောတူညီမှုတို့လို ပြုပြင်ပြောင်းလဲလာမည်မဟုတ်ချေ။ BRICS အဖွဲ့၏ မတူကွဲပြားမှုသည် တင်းပြပါအဖွဲ့များကဲ့သို့ ဖွဲ့စည်းဖြစ်ပေါ်ရေးအတွက် အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် ၎င်း၏စီးပွားရေးအခွင့်အလမ်းများနှင့် နိုင်ငံတကာလွှမ်းမိုးမှုကို မြှင့်တင်ရန် BRICS အဖွဲ့ကို မဟာဗျူဟာကျကျအသုံးချလျက်ရှိသည်။ တရုတ်နိုင်ငံသည် လွတ်လပ်မှုရှိသောအဖွဲ့နှင့် ကျစ်လျစ်သောစစ်ရေး သို့မဟုတ် စီးပွားရေးမဟာမိတ်ဖွဲ့မှုတို့ကြား ကောင်းမွန်သော ဟန်ချက်ကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ အမေရိကန်နှင့် ဆိုဗီယက် အင်အားကြီးနှစ်နိုင်ငံလွှမ်းမိုးခဲ့သော စစ်အေးကာလနှင့် မတူညီသော အချက်မှာ လက်ရှိကမ္ဘာ့အခင်းအကျင်းသည် နိုင်ငံတကာအုပ်စုများ ချိတ်ဆက်ထားသောကြောင့် လွတ်လပ်မှုပုံစံသက်ရောက်နေသည်။

BRICS အဖွဲ့အတွင်း တရုတ်၏ ပေါ်လွင်ထင်ရှားမှုသည် သိသာထင်ရှားနေပြီး ပြောင်းလဲသွားဖွယ်ရာမရှိပေ။ တရုတ်နိုင်ငံသည် BRICS အဖွဲ့၏ GDP နှင့် ကုန်သွယ်မှုတို့၏ သုံးပုံနှစ်ပုံခန့် ပိုင်ဆိုင်ထားသည်။ တရုတ်နိုင်ငံသည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိက၊ အီဂျစ်၊ အီသီယိုးပီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့အတွက် အဓိက ကုန်သွယ်ဖက်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် အဆိုပါနိုင်ငံများတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများလည်း လုပ်ဆောင်လျက်ရှိသည်။ ရုရှားနိုင်ငံသည် BRICS အဖွဲ့အတွင်း၌ တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ လက်ခံရရှိထားသဖြင့် အများဆုံးလက်ခံရရှိထားသည်။



BRICS အဖွဲ့ဝင်နိုင်ငံအများစုသည် ရပ်ဝန်းနှင့်ပိုးလမ်းမတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်လျက်ရှိသည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းများသည် BRICS အဖွဲ့ဝင်နိုင်ငံများအတွင်း တည်ရှိနေသည်မဟုတ်ဘဲ အလယ်အာရှ၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံတို့တွင် အဓိကတည်ရှိလျက်ရှိသည်။ သို့သော် အီဂျစ်၊ အီသီယိုးပီးယား၊ တောင်အာဖရိက၊ ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့အနေဖြင့်လည်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများကို လက်ခံထားရှိသည်။ ဘရာဇီးနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမ တရားဝင်အဖွဲ့ဝင်မဟုတ်သော်လည်း တရုတ်နိုင်ငံအတွက် အဓိကစားနပ်ရိက္ခာ တင်ပို့လျက်ရှိသောကြောင့် အဓိက မိတ်ဖက်နိုင်ငံဖြစ်လာလျက်ရှိသည်။

BRICS အဖွဲ့တိုးချဲ့ခြင်းသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ ဦးစားပေးလုပ်ငန်းများအနက်မှ တစ်ခုဖြစ်ကြောင်းကို ကိန်းဂဏန်းအချက်အလက်များက မီးမောင်းထိုးပြသလျက်ရှိသည်။ တရုတ်နိုင်ငံသည် စီးပွားရေးနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာလွှမ်းမိုးမှုအတွက် BRICS အဖွဲ့ကို အသုံးချလျက်ရှိသည်။ တရုတ်နိုင်ငံအပါအဝင် နိုင်ငံများစွာအပေါ် ကုန်သွယ်မှုစည်းကြပ်ခွန်တိုးမြှင့်သွားမည့် သမ္မတဒေါ်နယ်ထရန့်၏အစီအမံသည် တရုတ်နိုင်ငံအား BRICS ကို အသုံးချနေသည့်မူဝါဒ တိုးမြှင့်ဆောင်ရွက်ရန် တွန်းအားဖြစ်လာနိုင်ပေသည်။ သာဓကအနေဖြင့် သမ္မတဒေါ်နယ်ထရန့်က ကိုလံဘီယာနိုင်ငံကို ပြည်နှင်ဒဏ်ပေးသည့်လေယာဉ်များကို လက်ခံရန် ဆက်လက်ငြင်းဆန်နေမည်ဆိုလျှင် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိသောကြောင့် တရုတ်နိုင်ငံနှင့် နီးကပ်သောဆက်ဆံရေးထူထောင်ရန် တွန်းအားပေးလာနိုင်ပေသည်။

**မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး**

BRICS အဖွဲ့သည် အနောက်တိုင်းဆန့်ကျင်သောနိုင်ငံများနှင့် ဘက်မလိုက်ဝါဒကျင့်သုံးလိုသောနိုင်ငံများကြား သဘောထားကွဲလွဲနေသည်ဟု လေ့လာသုံးသပ်သူတချို့က ကောက်ချက်ချထားသည်။ ရုရှားဦးဆောင်သော အနောက်တိုင်းဆန့်ကျင်သည့်အုပ်စုသည် အမေရိကန်နှင့်ထိပ်တိုက်ရင်ဆိုင်လိုက်သောရပ်တည်ချက်ကို အဆိုပြုထားသည့်အချိန်တွင် အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့အပါအဝင် ဘက်မလိုက်သောနိုင်ငံများက မသိမသာကွဲပြားသော ချဉ်းကပ်မှုကို အဆိုပြုထားသည်။

အမေရိကန်နိုင်ငံအနေဖြင့် BRICS အဖွဲ့အတွင်း အပြန်အလှန်ငြင်းခုံဆွေးနွေးမှုများကို လွှမ်းမိုးရန် ဘက်မလိုက်သောနိုင်ငံများနှင့် နီးကပ်သောဆက်ဆံရေးတိုးတက်လာစေရန် ကြိုးပမ်းသွားသင့်ကြောင်း လေ့လာသုံးသပ်သူများက အကြံပြုထားသည်။ သို့သော် တရုတ်နိုင်ငံသည် BRICS အဖွဲ့၏ ခေါင်းဆောင်ဖြစ်နေသည့်အပြင် နိုင်ငံပေါင်းစုံဝါဒနှင့် လွတ်လပ်သောကုန်သွယ်မှုကို အခြေခံလျက် အနောက်အုပ်စုကို မသိမသာကွဲပြားသောပုံစံဖြင့် ချဉ်းကပ်သွားမည့် ပြတ်သားသည့်မဟာဗျူဟာတစ်ရပ်ရှိနေသည်ကို မေ့မထားသင့်ပေ။

ထို့ကြောင့် ရုရှားက ထိပ်တိုက်ရင်ဆိုင်မှုလိုလားနေသည့်တိုင်အောင် BRICS အဖွဲ့သည် အနောက်အုပ်စုကို ထိပ်တိုက်ရင်ဆိုင်လိုသောရပ်တည်ချက်ကို ရွေးချယ်သွားဖွယ်ရာမရှိပေ။ ထိပ်တိုက်ရင်ဆိုင်မှုမရှိသောချဉ်းကပ်မှုသည် နိုင်ငံများ ပိုမိုဆွဲဆောင်ရန်နှင့် ဒီမိုကရေစီဆန်သော ကမ္ဘာ့အခင်းအကျင်းကို အထောက်အကူဖြစ်စေရေး ဆောင်ရွက်ရာတွင် BRICS အဖွဲ့ကို လွတ်လပ်သောအဖွဲ့အစည်းအဖြစ် တည်ဆောက်ရန်အတွက် အကောင်းဆုံးသောနည်းလမ်းတစ်ရပ်ဖြစ်သည်ကို တရုတ်နိုင်ငံက ကောင်းစွာသိရှိသဘောပေါက်ထားသည်။

ဆိုရလျှင် BRICS အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံပေါင်းစုံဝါဒကို စောင့်ရှောက်ပြီး အဆင့်မြှင့်တင်ရန်၊ ကိုယ်စားပြုအဖွဲ့အစည်းများ၏ ရည်မှန်းချက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများကြား စည်းလုံးညီညွတ်မှုခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် ဘုံဖွံ့ဖြိုးတိုးတက်မှုအကျိုးစီးပွားများအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးထားခြင်းမရှိသော နိုင်ငံပေါင်းစုံပါဝင်သည့် ကမ္ဘာ့အခင်းအကျင်းကို အဆိုပြုလျက်ရှိသည်။ လက်ရှိအချိန်တွင် BRICS အဖွဲ့သည် အမေရိကန်၏ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာရည်မှန်းချက်များကို စိန်ခေါ်နိုင်မည့်အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသည်။

စင်စစ်အားဖြင့် ၂၀၀၉ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သော BRICS အဖွဲ့ဝင်နိုင်ငံများသည် GDP တိုးတက်ခဲ့သည့်အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)များကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။ အမှန်တော့ BRICS အဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ခြင်း၏ ရည်မှန်းချက်သည် အနောက်အုပ်စုဦးဆောင်သော အဖွဲ့အစည်းများနေရာတွင် အစားထိုးနိုင်ရန်၊ ကမ္ဘာ့ဘဏ်နှင့် IMF တို့တွင် အမေရိကန်နှင့် ဥရောပနိုင်ငံတို့၏ လွှမ်းမိုးချုပ်ကိုင်နေမှုတို့ကို ဟန်ချက်ထိန်းညှိသွားရန်ပင်ဖြစ်သည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံ များပြားလာသော BRICS အဖွဲ့သည် ကမ္ဘာ့အခင်းအကျင်းကို ပြောင်းလဲလာနိုင်သဖြင့် အမေရိကန်နှင့် အနောက်အုပ်စုအတွက် စီးပွားရေးနှင့် စစ်ရေးအရ ခြိမ်းခြောက်မှုဖြစ်လာတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **China-led BRICS growth raises questions about shifting world order by Asia Time.**

# သထုံမြို့နယ်ရှိ ဆံတော်ရှင် မြသပိတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ကျင်းပမည်



ယခင်နှစ်က ဆွမ်းတော်ကြီးလောင်းလှူပွဲကို တွေ့ရစဉ်။

**သထုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဆံတော်ရှင် မြသပိတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဆံတော်ရှင် မြသပိတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်ထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများပြုလုပ်ခြင်း၊ မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲနှင့် ဆီမီးပူဇော်ခြင်း၊ ဘုရားပွဲဈေးဆိုင်တန်းများ ဖွင့်လှစ်ခြင်းတို့ဖြင့် အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေလိုပဲ အစဉ်အလာမပျက်၊ တောင်ပေါ်ဘုရားရင်ပြင်မှာပဲ ဓမ္မပူဇာအနေနဲ့ပဋ္ဌာန်းပွဲလုပ်မယ်။ ပြီးရင် သံဃပူဇာအနေနေနဲ့ ပင့်သံဃာတွေကို ဆွမ်းဆန်စိမ်း လောင်းလှူပါမယ်။ နှစ်စဉ်ကတော့ တပို့တွဲလပြည့်နေ့မှာလုပ်လေ့ရှိပါတယ်။ ဒီနှစ်လဲ တပို့တွဲလပြည့်နေ့ကနေ လပြည့်ကျော် ၃ ရက်ထိ ကျင်းပသွားမှာပါ" ဟု ဦးစိုးမြင့်က ပြောပြသည်။

ဆံတော်ရှင် မြသပိတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို မြသပိတ်စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ဗုဒ္ဓဒေသနာတော်များကို အသံမစဲရွတ်ဆိုပူဇော်ခြင်း၊ လပြည့်နေ့ နံနက် ၇ နာရီမှစတင်ကာ သံဃာတော်များနှင့် သီလရှင်များကို ရာဂု(ထမနဲ)၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုအသီးသီးတို့ကို စုပေါင်းလောင်းလှူခြင်း၊ညနေတွင် စေတီတော်တောင်တက်လမ်းတစ်လျှောက် ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ASH

# ယူနီဗာဆယ်၏ The Odyssey ဇာတ်ကား၌ ဝါရင့်သရုပ်ဆောင် လေးဦး ထပ်မံပါဝင်လာ

**နယူးယောက် ဖေဖော်ဝါရီ ၃**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Odyssey ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား အီလီအော့ပေ့၊ ဟီမက်ပါတယ်၊ ဘေအာဝင်နှင့် မင်းသမီး ဆာမန်သာမော်တွန်တို့လည်း ထပ်မံပါဝင်လာကြောင်း ဖေဖော်ဝါရီ၂ရက် သတင်းများအရ သိရသည်။

အဆိုပါ သရုပ်ဆောင်များသည် The Odyssey ဇာတ်ကား၌ မင်းသား မက်ဒါမွန်၊ တွမ်ဟော်လန်၊ ရောဘတ်ပက်တင်ဆန်၊ မင်းသမီး ဇန်ဒါယတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Odyssey ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Odyssey ဇာတ်ကားသည် ဂရိကဗျာဆရာကြီးအိုးမား၏ The Odyssey မော်ကွန်းကဗျာရှည်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Odyssey ဇာတ်ကားကို အီတလီနိုင်ငံ စစ္စလီကျွန်းဒေသရှိ ဖာဗီနာနာကျွန်း၊ ဗြိတိန်နှင့်မော်ရိုကိုအပါအဝင် ကမ္ဘာအနှံ့ရိုက်ကွင်းများ၌ ရိုက်ကူးမည်ဖြစ်သည်။

The Odyssey ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်များကို ယခုနှစ် ဇန်နဝါရီလအတွက် ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်အနုပညာရှင်များကို ယခုနှစ် ဇန်နဝါရီလအတွက် ပံ့ပိုးငွေများကို ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ဘိုးဘွားများအား လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးရုပ်ရှင်ဘိုးဘွား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိသည်။

“အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ဦးရေ ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွက် ပံ့ပိုးငွေတွေကို ဖေဖော်ဝါရီ ၁ ရက်ကစပြီး ထုတ်



ပေးနေပြီ ဖြစ်ပါတယ်”ဟု ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်ကလည်း ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပခဲ့ပြီး သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ဦးရေ ၁၈၀ ခန့်ကို ငွေကျပ်လေးသိန်းစီ နှင့် ဂါဝရပြုပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း သိရသည်။

ASH

# Netflix ၏ Apex ဇာတ်ကား၌ မင်းသား အားရစ်ဘာနာ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၃**

Netflix ကုမ္ပဏီ၏ Apex လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသား အားရစ်ဘာနာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

Apex ဇာတ်ကားတွင် မင်းသား အားရစ်ဘာနာသည် မင်းသမီး ချားလစ်သီရွန်၊ မင်းသား တာရွန်အက်ဂျာတန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Apex ဇာတ်ကားသည် အမျိုးသမီး တောင်တက်သမားတစ်ဦး တောနက်ထဲ၌ ရင်ဆိုင်ခဲ့ရသော ချောက်ချားဖွယ် ဖြစ်ရပ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ဘယ်တာဆာ ကော်မာကားက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျရမီရော့ဘင်က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Apex ဇာတ်ကား၌ မင်းသား အားရစ်ဘာနာ သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

Apex ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME လုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုးအတွက် ဆု ၃၁ ဆု ချီးမြှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ယခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးထံမှ သိရသည်။

အဆိုပါ ပြပွဲပြိုင်ပွဲကြီးတွင် အဓိကအားဖြင့် ပြည်တွင်းကုန်ကြမ်းများကိုအခြေခံပြီး ထုတ်လုပ်သည့်ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး MSME လုပ်ငန်းရှင် ၅၃ ဦးက ထုတ်ကုန်အမည် ၂၀၀ ကျော်၊ ၃၀၀ ခန့် ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

“MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ပါဝင်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ အမျိုးအစားတွေကတော့ အသေးစားထုတ်ကုန်တွေ၊ အငယ်စားထုတ်ကုန်တွေ၊ အလတ်စားထုတ်ကုန်တွေ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊လက်မှုထည် စတဲ့အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်တွေ၊ ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်နဲ့ နေပြည်တော်အပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီး ၁၅ ခုက ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်တွေ ဆိုပြီးတော့ ပါဝင်မှာဖြစ်ပါတယ်။ အသေးစားထုတ်ကုန်ဆု၊ အငယ်စားထုတ်ကုန်ဆု၊ အလတ်စားထုတ်ကုန်ဆု၊ ကုန်ထုတ်သမဝါယမအသင်းတွေရဲ့ စွမ်းဆောင်ရည်ဆုတွေ ချီးမြှင့်မှာ ဖြစ်ပါတယ်။ စုစုပေါင်းဆု ၃၁ ဆုကို ချီးမြှင့်မှာဖြစ်ပါတယ်” ဟု ဒေါ်ငြိမ်းအေးက ပြောပြသည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသ ကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses work coordination meeting of Union government

## Necessary preparation of officials and political parties that will participate in election required for successful holding of multiparty general election


Senior General Min Aung Hlaing addresses the work coordination meeting of the Union government.

**Nay Pyi Taw February 3**

The Union government held a work coordination meeting at the meeting hall of State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, union level dignitaries, and officials. The Nay Pyi Taw Council chair and region/state chief ministers attended the meeting through video conferencing.

**Practical supervision of region/state governments required for successful running of functions**

In his keynote address, the Senior General said SAC held the meeting to accelerate the functions of the reformed cabinet and region/state chief ministers. SAC is implementing the adopted objectives and roadmap for the success of undertakings for peace and stability, economic development and social and health sectors. Normally, they are the policies of a government for the betterment of its country. Region/state governments should conduct practical supervision to ensure that the leadership and guidelines of the Union government for work accomplishment are strictly followed.

**Collective efforts for success of two national visions**

The government has adopted the two national visions –national prosperity and ample amount of food. As the visions are also the fundamental requirement for every country, they must be successfully realized through united efforts. National development is measured by GDP and the calculating process needs correct figures and data. There are three sectors – agricultural sector, industrial sector and service sector – for GDP growth. Myanmar is a country with a small GDP among the ASEAN member states. Even its production of the agricultural sector is weaker than others. In this regard, the country must provide support for progress of agricultural production, as it will lead to GDP growth. It will have to generate opportunities for increasing per capita income and GDP growth. The country has good foundations for economic development, and it needs a successful functioning farming sector to develop its economy. Encouragement is given to realize the per acre yield target and improve the yield of oil crops. The government should be aware of the fact that it can reduce foreign exchange expenditure to a large degree through ensuring edible oil self-sufficiency.

**Research must be conducted to enhance the development of agricultural, farming, and MSME products**

Efforts should be directed toward ensuring that domestically grown and produced agricultural goods meet international standards for export. MSME manufacturing activities should focus on producing high-quality products using locally sourced raw materials. Exporting finished goods rather than raw materials would yield greater economic benefits. To advance the agriculture and MSME sectors, it is essential to conduct production and market research in collaboration with relevant farmers, manufacturers, and regional and state government officials. Likewise, research should be carried out in coordination with relevant authorities to secure access to foreign markets.

Research is necessary to enhance the production of regionally unique agricultural products. For instance, efforts should be made to improve the quality and yield of crops such as mangoes, plums, coffee, and other locally grown fruits. Research must be conducted to ensure that local species are preserved and do not become extinct. Efforts should be made to increase the production of industrial crops, including cotton, bamboo, rubber, and other agricultural products such as beans, corn, sunflower, and sesame, as these have potential markets in foreign countries.

It is also essential to develop livestock farming activities tailored to each region, focusing on breeding animals that are suited to local conditions, and to implement systematic livestock farming practices as a priority. Those responsible must ensure that activities in the breeding zones are conducted at appropriate rates specific to each zone, rather than being carried out superficially. Agriculture and livestock farming are highly beneficial not only to individuals but also to the region and the country. It is essential for everyone to collaborate in ensuring the success and development of these industries.

It is crucial to identify ideal villages, towns, and districts to boost the production of farming, and MSME products across regions and states. By offering exemplary awards for farming products produced in the region, other villages, townships, and districts will be encouraged to follow suit. It is essential for various government organizations to systematically document their activities, strengths, and weaknesses, as these records will serve as historical references in the future.

**Education, health sectors being promoted**

Educated human resources are indispensable for development of industries based on agriculture and livestock breeding. Efforts must be made to reopen schools that are closed for various reasons in the upcoming academic year. Responsible officials are required to take measures to enable students to take their examinations in peace of mind and to beneficially spend their summer holidays. Moreover the government has opened polytechnic universities in four states and regions including Nay Pyi Taw as a measure for education promotion. Plans are underway to open a university that will conduct courses on combination of agriculture and livestock breeding in Ayeyarwady Region in the upcoming academic year. Similarly, a polytechnic institute will be built in Nay Pyi Taw Council area with the aim of providing education services for offspring of government employees.

In the same way as the education sector is promoted, the sports sector must be boosted. It is necessary to set high records of athletes by organizing sports competitions and to keep records properly. Promoting sports will revitalize patriotism and the love for the country.

In connection with the health sector, it is necessary to fulfill the needs in accordance with the policy of assigning doctors to each and every hospital. In addition to healthcare services, healthcare personnel are required to help local residents in one way or another for their education and social development. Local administrative officials are required to fulfill the food and accommodation needs of teachers and healthcare personnel in remote areas as much as possible.

**Online gambling, related crimes to be cracked down resolutely**

There were problems in the country due to illegal online gambling and scams (Kyar Phyant) and effective action was taken against them.

*See Page 13*

# More than 15,000 acres of sunflower cultivated in Htigyaing Township



A thriving sunflower plantation.

**Htigyaing February 3**

According to records from the Htigyaing Township Agriculture Department, a total of 15,340 acres of sunflower crops have been cultivated in Htigyaing Township, Katha District, Sagaing Region, during the 2024-2025 winter growing season.

The township initially planned to cultivate 15,360 acres of sunflower for this season, starting from October 2024. As of today, 15,340 acres have been successfully planted.

"We have planned to cultivate 15,360 acres of sunflower in Htigyaing Township during this winter growing season. So far, 15,340 acres have been planted. Efforts are being made to meet the targeted cultivation area. To reduce the need for imported palm oil, we are expanding the cultivation of oil-producing crops like sunflower. Compared to other oil crops like groundnut and sesame, sunflower yields more oil per acre. Sunflower is primarily grown during the winter season," said U Ko Ko Aung, the head of the Htigyaing Township Agriculture Department.

To further expand sunflower cultivation in the township, the Agriculture Department is intensifying training programmes to educate farmers and improve their productivity.

Additionally, the department has been working to support farmers by providing quality sunflower seeds, ensuring the availability of affordable urea fertilizer and facilitating seed exchange programs among farmers to distribute high-yield varieties.

These initiatives aim to boost local sunflower production and contribute to reducing reliance on imported edible oils. 206

# YeU Township harvests more than 2,000 acres of winter sesame

**YeU February 3**

According to statistics from the YeU District Agriculture Department of Sagaing Region, the harvest of 2,156 acres of winter sesame cultivated in YeU Township during the winter crop season has been completed.

During the winter planting season, a total of 4,522 acres of winter sesame were cultivated in YeU Township. Harvesting of these sesame fields began in December 2024, and as of today, a total of 2,156 acres have been fully harvested, yielding an average of 13.9 baskets per acre.

"The total cultivated area for winter sesame in YeU Township this season was 4,522 acres. The harvesting process is ongoing, and so far, 2,156 acres have been harvested. Sesame cultivation is on the rise year by year, and as an oilseed crop, it remains successful," said U Zaw Myint Tun, the Head of the YeU District Agriculture Department.

Officials of the YeU Township Agriculture Department has been providing agricultural techniques to sesame farmers on expanding cultivation, implementing proper planting techniques, adopting the GAP (Good Agricultural Practices) system, and using high-quality and high-yielding sesame varieties.

Crops produced under the GAP system are of higher quality compared to those grown using conventional methods. They fetch better prices and can be marketed not only domestically but also for export. As a result, farmers who adopt the GAP system benefit economically, leading to improved livelihoods. 206

# Winter crop cultivation in Kalay Township reaches 10,191 acres

**Kalay February 3**

According to records from the Kalay Township Department of Agriculture, a total of 10,191 acres of vegetables and other crops were cultivated during the winter season in Kalay Township, located in Sagaing Region.

In the 2024-2025 winter season, authorities initially planned to cultivate 9,121 acres of vegetables and other crops. However, since planting began in October 2024, farmers have successfully cultivated 10,191 acres, exceeding the original target.

The planned cultivation area was 9,121 acres, but we managed to expand it to 10,191 acres," said U Naing Tun Win, head of the Kalay Township Department of Agriculture. "Crops grown include mustard, chilli, aromatic spices, potatoes, cabbage, eggplant, and cauliflower. We provide farmers with technical support to ensure that all crops are cultivated following the Good Agricultural Practices (GAP) system. Our goal is to minimize the use of chemical fertilizers and pesticides while promoting healthy and sustainable farming methods."

The Kalay Township Department of Agriculture continues to support local vegetable farmers by organizing training programmes on GAP farming techniques and ensuring that harvested crops meet health and safety standards. Efforts are also being made to encourage farmers to expand their vegetable cultivation.

Every year, farmers in Kalay Township grow a variety of vegetables according to the seasons. The success of these crops has contributed to their household income. Furthermore, the Department of Agriculture provides training on proper cultivation techniques, pest control, organic fertilizers, and the use of natural pesticides to promote safe and sustainable farming. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

The international community has paid attention to the problem and the government has cooperated with the international community actively and comprehensively to crack down on such crimes. Responsible officials at different levels in regions and states and areas are required to address the problem by preventing and cracking down on online gambling and scam and other crimes resolutely without fail. As effective action will be taken not only against those who are involved in narcotic drugs and other crimes in addition to such crimes but also against officials who are involved in such crimes in their relevant areas, emphasis must be placed on observance of the law.

**To hold multi-party democracy general election successfully, responsible officials, political parties that will participate in election are required to make preparations**

In connection with elections, holding a multi-party democracy general election is the ultimate objective of the SAC. Measures will be taken for participation of those who represent national races and social classes in the Hluttaw that will emerge from the general election comprehensively. Political parties are required to make necessary preparations. It is necessary to ensure security and stability to launch election campaigns. The government is required to systematically work out necessary preparations for the success of the election in accordance with the law. Region and state chief ministers and officials are required to study laws related to election thoroughly and comprehensively. It is necessary for political parties to make necessary preparations. Elections for three levels of legislatures including region/state Hluttaw, Amyotha Hluttaw and Pyidaungsu Hluttaw were conducted in accordance with the law. Measures are being taken to use Myanmar Electronic Voting Machines to prevent voting irregularities, to enable constituents to cast their votes easily, to get correct election results, to prevent vote rejections and irregularities and to ensure transparency.

**Reports submitted**

Afterward, the chairman of Nay Pyi Taw Council and chief ministers from regions and states submitted reports to the Senior General and the meeting concluded. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက မောင်းသူမဲ့မြေပြင်သွားယာဉ်တစ်မျိုးကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုရန် ခွင့်ပြုခဲ့



ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ဘက်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ကူညီရန် မောင်းသူမဲ့မြေပြင်သွားယာဉ် (UGV) တစ်မျိုးကို တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုရန် တရားဝင်ခွင့်ပြုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Zmiy (ယူကရိန်းဘာသာစကားအား ဖြင့် "မြွေ" ဟုအဓိပ္ပာယ်ရသော) ပြည်တွင်း၌ ထုတ်လုပ်ထားသည့် အဆိုပါမောင်းသူမဲ့ မြေပြင်သွားယာဉ်သည် အလေးချိန် ကီလိုဂရမ် ၅၀၀ ထိ ကုန်ပစ္စည်းများတင်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်း၏နောက်ဘက်၌ ဆွဲယူတင်ဆောင်နိုင်စွမ်းသည် အန္တရာယ်ရှိသောနေရာများမှ အပေါ့စားယာဉ်များကို ကယ်ထုတ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမောင်းသူမဲ့ မြေပြင်သွားယာဉ်တွင် ပဲ့ထိန်းစနစ်နှင့် မိုင်းဒဏ်ခံနိုင်သည့် ကာကွယ်ရေးစနစ်များ တပ်ဆင်ထားပြီး အန္တရာယ်များသော စစ်မြေပြင်ပတ်ဝန်းကျင်များတွင် ထိရောက်စွာတိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်မှုအပေါ် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။ တိုက်ခိုက်ရေးဇုန်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အဆိုပါ မောင်းသူမဲ့မြေပြင်သွားယာဉ်ကို ပြုပြင်ထုတ်လုပ်ထားကြောင်း ပင်မစစ်လက်နက်ပစ္စည်းများ ထောက်ပံ့ရေး ညွှန်ကြားရေးမှူးရုံးက ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် Zmiy UGV ယာဉ်သည် NATO ကုဒ်အမှတ်အသားကို လက်ခံရရှိခဲ့ပြီး ၎င်းသည် အမြင့်ဆုံး စစ်ဘက်ဆိုင်ရာနည်းပညာစံနှုန်းများနှင့်ပြည့်မီကြောင်း သတ်မှတ်ခံခဲ့ရသည်။

အသံတိတ် လျှပ်စစ်မော်တာသည် UGV တွင် အားဖြည့်ပေးထားပြီး လျှို့ဝှက်စစ်ဆင်ရေးများကို တိုက်ပွဲဝင်လုပ်ဆောင်နိုင်သောကြောင့် Zmiy UGV သည် ၎င်း၏စွမ်းဆောင်ရည်များကို ထင်ဟပ်စေလျက်ရှိသည်။ သတ္တုဘီးများပေါ်တွင် ရွေ့လျားမောင်းနှင်နေစဉ် ကျယ်ပြန့်သော V ပုံစံဘီးအသွားများသည် လမ်းကြမ်းများ၊ ရွှံ့နွံထူထပ်သော မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် လွယ်ကူအဆင်ပြေစွာ မောင်းနှင်သွားလာနိုင်ရန် အထောက်အကူပြုနိုင်သည်။ UGV သည် ပုံမှန်မြေသားတွင် တစ်နာရီလျှင် ၁၄ ကီလိုမီတာနှုန်းနှင့် လမ်းကြမ်းပေါ်တွင် တစ်နာရီလျှင် ၁၂ ကီလိုမီတာနှုန်းထိ မောင်းနှင်သွားလာနိုင်သည်။ ကတုတ်ကျင်းများကို ဖြတ်ကျော်ခြင်း၊ မတ်စောက်သော တောင်စောင်းများတက်ခြင်းနှင့် ရေတိမ်ပိုင်းများကိုပင် ဖြတ်ကျော်နိုင်စွမ်းရှိမည်ဖြစ်သည်။ Zmiy UGV သည် မြွေတစ်ကောင်ကဲ့သို့ပင် သစ်ပင်ငယ်အတားအဆီးများပေါ်တွင်လည်း တက်ရောက် မောင်းနှင်နိုင်ပြီး စစ်မြေပြင်ပတ်ဝန်းကျင် အခြေအနေအမျိုးမျိုးတွင် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖြန့်ကြက် အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Zmiy UGV ကို မိတ်ဆက်လိုက်ခြင်းသည် ယူကရိန်း၏ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးစွမ်းရည်တွင် သိသာထင်ရှားသောတိုးတက်မှုကို ကိုယ်စားပြုသည်။ ယူကရိန်း၏ အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှု နည်းပညာများအပေါ် မှီခိုအားထားမှုသည် လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်ရှိနိုင်မှုကိုပါ လျှော့ချလာနိုင်ရန် ရည်ရွယ်နေကြောင်း သိရသည်။

**Ukraine Approves Military Use of Silent Logistics Robot 'Zmiy' ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံ အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်က မြေအောက်ဒုံးကျည်မြို့တော်သစ်ကို ထုတ်ဖော်ပြသ

အီရန်နိုင်ငံ အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်(IRGC)သည် နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတစ်နေရာတွင် တည်ရှိသော မြေအောက် ဒုံးကျည်မြို့တော်သစ် တစ်ခုကို ထုတ်ဖော်ပြသလိုက်ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒုံးကျည်မြို့တော်ဟု အမည်ပေးထားသည့် အဆိုပါအခြေစိုက်စခန်းသစ်တွင် ထရပ်ကားများပေါ်၌ တပ်ဆင်ထားသည့် ဒုံးပစ်လောင်ချာ ဒါဇင်များစွာကို တပ်ဖြန့်ထားရှိကြောင်း အီရန်စစ်ဘက်က ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဗီဒီယိုဖိုင်တစ်ခုအရ သိရသည်။

အဆိုပါ နှစ်မိနစ်စာ ဗီဒီယိုကလစ်တစ်ခုတွင် IRGC စစ်သေနာပတိ ဗိုလ်ချုပ်ကြီး Hossein Salami နှင့် ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Alireza Tangsiri တို့သည် ဒုံးပစ်လောင်ချာယာဉ်များ စခန်းချတပ်စွဲထားသည့် မြေအောက်ဥမင်လိုဏ်ခေါင်းကို ကြည့်ရှုစစ်ဆေးနေပုံ ပြသထားသည်။ ဒုတိယဗိုလ်ချုပ်ကြီး Tangsiri ၏အဆိုအရ အဆိုပါအခြေစိုက်စခန်းသည် အီရန်နိုင်ငံထုတ် Qadr 380 ခရုဇ် ဒုံးကျည်များထားရှိရာနေရာဖြစ်ပြီး ငါးမိနစ်အတွင်း တပ်ဖြန့်ပစ်လွှတ်နိုင်သည်ဟု သိရသည်။ အဆိုပါ ဒုံးကျည်များသည် အကွာအဝေး ကီလိုမီတာ ၁၀၀၀ ကျော် တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ အသုံးပြုလာမှုကို တန်ပြန်ရန်အတွက် Anti-Jamming စနစ်များတပ်ဆင်ထားသည်ဟု အီရန်နိုင်ငံပိုင် IRNA သတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၁ ရက်က ထုတ်ဖော်ပြသခဲ့သည့် အဆိုပါမြေအောက်အဆောက်အအုံသည် အီရန်နိုင်ငံရှိ တတိယမြောက် ဒုံးကျည်အခြေစိုက်စခန်းဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလလယ်တွင် IRGC ရေတပ်သည် ပါရှန်ပင်လယ်ကွေ့၏ ကမ်းရိုးတန်းတစ်လျှောက် သင်္ဘောဖျက်ဒုံးကျည်များ တပ်စွဲထားရာ မြေအောက်အခြေစိုက်စခန်းတစ်ခုကို ထုတ်ဖော်ပြသခဲ့ဖူးသည်။ ထို့အတူ အလားတူပုံစံမျိုးကို ဇန်နဝါရီ ၁၀ ရက်တွင် IRCG လေတပ်က ထုတ်ဖော်ပြသခဲ့သော်လည်း တည်နေရာအတိအကျကိုမူ သိရှိခဲ့ရခြင်းမရှိပေ။



အီရန်နိုင်ငံက ၎င်း၏ ဒုံးကျည်အစီအစဉ်သည် အမေရိကန်နှင့် အစ္စရေးကဲ့သို့သော ရန်သူတော်များကိုအဟန့်အတားဖြစ်စေလိမ့်မည်ဟု ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်က ကြည့်ရှုစစ်ဆေးမှုအတွင်း ယခုကဲ့သို့ မြေအောက်ဒုံးကျည်မြို့တော်သစ်များ ထုတ်ဖော်ပြသမှုသည် အီရန်၏ရန်သူများကို ဆိုးရွားသောအကျိုးဆက်များဖြစ်ပေါ်လာစေနိုင်သည့် တွက်ချက်မှုအမှားများ မပြုလုပ်မိစေရန်အတွက် ကြိုတင်ကာကွယ်နိုင်ရေး ရည်ရွယ်ခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး Salami က ပြောကြားခဲ့သည်။ ဇန်နဝါရီလအစောပိုင်းက အီရန်နိုင်ငံခြားရေးဝန်ကြီး Abbas Araghchi က နိုင်ငံ၏ဒုံးကျည်အစီအစဉ်သည် ရန်ဘက်နိုင်ငံများ၏ ခြိမ်းခြောက်မှုများကို ဟန့်တားရာတွင် အရေးပါသောစွမ်းအားတစ်ရပ်အဖြစ် ချီးကျူးပြောဆိုခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များသည် အင်အားသုံး၍တုံ့ပြန်ရန်သာ စဉ်းစားလေ့ရှိကြောင်းနှင့် အီရန်၏ ဒုံးကျည်စွမ်းအားသည် ထိုသို့အင်အားသုံးခြင်းထက် သံတမန်နည်းအရ ထိတွေ့ဆက်ဆံရန် တွန်းအားပေးဖြစ်စေခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်သည် ၂၀၂၄ ခုနှစ်အတွင်း နှစ်နိုင်ငံကြား တာဝေးပစ်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည့် အစ္စရေးနှင့်အီရန်တို့ကြား တင်းမာမှုများ တိုးမြင့်လာခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။

အီရန်နိုင်ငံ၏ မြေအောက်ဒုံးကျည်မြို့သည် ၎င်း၏စစ်ရေးစွမ်းရည်ကိုမြှင့်တင်ရန်အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ဤလုပ်ဆောင်ချက်သည် ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးအပေါ် စိန်ခေါ်မှုများကို ဖြစ်ပေါ်လာစေနိုင်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် အီရန်၏လုပ်ဆောင်ချက်များကို သတိပြုစောင့်ကြည့်လျက်ရှိပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန် ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Iran unveils new underground 'missile city' ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေ



**တမူး ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၂၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြောင်း တမူးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာကေ ၃၃၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၃၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ နေကြာကေ ၃၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၂၃၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၈၀၊ တမူးမြို့နယ်တွင် ၇၆၁ ကေ၊ ခါမ်းပါတ်မြို့တွင် ၂၃၉၃ ကေ စုစုပေါင်း ၃၂၃၄ ကေတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် နေကြာစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နေကြာကို ယခုထက်ပိုမို စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖီးကြမ်း ငှက်ပျောသီးအဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်း ဖီးကြမ်း ငှက်ပျောသီးအဖီးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဇန်နဝါရီလက ဖီးကြမ်း ငှက်ပျောသီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့မှုကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို ငှက်ပျောတွေက ဝယ်ယူမှုများနေတဲ့ အခြေအနေရှိနေပါတယ်။လက်ရှိ ငှက်ပျောသီးဈေးကလဲ အရင်ကထက်အနည်းငယ် ကောင်းလာပါတယ်''ဟု ပန်းတနော်မြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။



ပန်းတနော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင်ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဒေသထွက် ငှက်ပျောများ အရောင်းအဝယ်ကောင်းနေသည့်အတွက် လုပ်သားများ၊ ကုန်သည်များ၊ ငှက်ပျောစိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း ပန်းတနော်မြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ကလောမြို့နယ် ပေါပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ပေါပဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပေါပဲကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါပဲကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၃၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပိုးသခင်




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

🏳 ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့နှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့်ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ ကိစ္စရပ်များအားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့်အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်လမ်းညွှန်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လိုကြောင်း။

**အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို**

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကိုချမှတ်ထားကြောင်း၊ ၎င်းသည် နိုင်ငံတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးကို GDP ဖြင့်တိုင်းတာကြပြီး အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် ရရှိရန်လိုကြောင်း၊ နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေများတိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်စေရေး အမြဲတိုက်တွန်းမှာကြားလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတိချပ်၍ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကိုသတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန်အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME ထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လို**

မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်သည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းကထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်**ထွန်းစေမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှုသုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ရန်လို**ကြောင်း၊ အလားတူပြည်ပဈေးကွက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့် အခြားအသီးအနှံများကိုအရည်အသွေးကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသမျိုးရင်းများကိုလည်း မပျောက်ပျက်အောင် သုတေသနပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက်ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရေးဒေသနှင့်ကိုက်ညီသည့်မျိုးများကို မွေးမြူနိုင်ရန်နှင့် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများကို ဦးစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အဖြစ်သဘောမျိုးမွေးမြူခြင်းမဟုတ်ဘဲ ဇုန်များအလိုက် ထိုက်သင့်သည့်နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီသာမက ဒေသနှင့်နိုင်ငံ၏အကျိုးကိုများစွာအထောက်အကူဖြစ်စေသောကြောင့် လုပ်ငန်းများ အောင်မြင်တိုးတက်ဖွံ့ဖြိုးစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလို**ကြောင်း။




ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

# ဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် နိုင်ငံသားတိုင်း သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို နိုင်ငံ့ဝန်ထမ်းများ ဥပဒေအသိပညာဗဟုသုတများရရှိပြီး နိုင်ငံသားတစ်ဦးတာဝန်၊ နိုင်ငံ့တာဝန်များကို တည့်မတ်မှန်ကန်စွာ ထမ်းဆောင်နိုင်ရန်၊ ဥပဒေ၏ သဘောသဘာဝများကို သိရှိနားလည်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သိရှိလိုက်နာကျင့်သုံးနိုင်ရန်နှင့် ဥပဒေအသိပညာဗဟုသုတများကို မိမိတို့၏ဝန်ထမ်းအဖွဲ့အစည်းနှင့် မိမိတို့၏မိသားစု၊ လူမှုပတ်ဝန်းကျင် အသိုက်အဝန်းအတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ဥပဒေသည်နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့် အပြင် နိုင်ငံသားတိုင်းသိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်ပါကြောင်း၊ ဥပဒေကိုမသိနားမလည်ဟုဆိုရုံမျှဖြင့် ဥပဒေကခွင့်လွှတ်မည်မဟုတ်ပါကြောင်း၊အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေကိုနားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြမှသာ လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းကင်းကင်းနှင့် အကျိုးရှိပြီး မှန်ကန်ထိရောက်မည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက် နှစ်ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် MSME ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာများ၊စံပြမြို့၊ စံပြခရိုင်များသတ်မှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသကထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်နှင့် ထုတ်ကုန်များအလိုက် စံပြဆုများပေးအပ်၍ဆောင်ရွက်သွားနိုင်ပါက အခြားကျေးရွာ၊ မြို့နယ်၊ ခရိုင်များမှလည်းအတုယူ၍လိုက်ပါဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အစည်း အသီးသီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် နောင်တစ်ချိန်တွင် သမိုင်းဖြစ်လာမည်ဖြစ်ကြောင်း။

**ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်**

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်စေရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာအသုံးချနိုင်စေရေးအတွက်လည်း တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုအဖြစ် Polytechnic University များကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် လေးခု၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လာမည့် ပညာသင်နှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းထားသည့် တက္ကသိုလ်တစ်ခုကို ဧရာဝတီတိုင်းဒေသကြီး၌ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ Polytechnic Instituteတစ်ခုကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းမိသားစုသားသမီးများ၏ ပညာရေးကို အဓိကရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ လူငယ်များနှင့်ဆက်စပ်နေသည့် အားကစားကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပပြီး အားကစားသမားများ၏ စံချိန်များမြင့်မားလာစေရေးဆောင်ရွက်သွားရန်လိုပြီး မှတ်တမ်းများစနစ်တကျထားရှိရန်လိုကြောင်း၊ အားကစားကိုအားပေးမြှင့်တင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ဒေသခံများ၏ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများ၌ တာဝန်ထမ်းဆောင်နေရသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေရေး၊ စားရေးအဆင်ပြေစေရေးအတွက်လည်း ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက တတ်နိုင်သရွေ့ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေး၊ပညာရေးဆိုင်ရာ ကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုလည်း ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပြန်လည်တည်ဆောက်ရမည့်အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင်အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိကြောင်း၊ စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာနယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများအားလုံး ပါဝင်မှုရှိစေရေး၊စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျမြေပြင်စာရင်းကောက်ယူသွားရန်နှင့် ထိထိရောက်ရောက်ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**အွန်လိုင်းလောင်းကစားနှင့် ဆက်စပ်ဒုစရိုက်မှုများကို ပြတ်ပြတ်သားသားနှိမ်နင်းမည်**

တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကိုအကြောင်းပြု၍နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက်အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့်မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့်အခြားဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင်သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုရှိပါက အားလုံးကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ **အထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများကျယ်ပြန့်စွာပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး ကြိုတင်ပြင်ဆင်ရမည့်ကိစ္စရပ်များကို စနစ်တကျတွက်ချက်၍ ဥပဒေများနှင့်အညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာလေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများကလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော်သုံးရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ရွေးကောက်ပွဲတွင် မဲမသမာမှုများ မဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှုမပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှုသုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ရန်လို . . .**

**အထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ် . . .**

**အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးရန်ရှိသည်များကို တင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ရက်ထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ ဦးထွန်းမြင့်ဦး၊ ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဌာနခွဲများအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က ဌာနကဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **တဘူးလှဆည်မှအဆက်**

နွေစပါးစိုက်ပျိုးမှု တိုးလာတဲ့အပေါ် စိုက်ပျိုးရေပိုပြီး ပို့လွှတ်နိုင်တဲ့အတွက် တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်လာတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မနှစ်ကထက် ဒီနှစ်မှာ နွေစပါးတိုးမြှင့်စိုက်ပျိုးနိုင်အောင် ဆည်ရေသောက်စနစ် ပြုပြင်ရေးလုပ်ငန်းတွေ တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်”ဟု တိုက်ကြီးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယမန်နှစ်က နွေစပါး ၂၅၀၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်ဖေဖော်ဝါရီ ပထမပတ်ထိ နွေစပါး ၂၀၇၂၈၇ ဧက စိုက်ပျိုးထားပြီးဖြစ်ကာ စပါးစိုက်ပျိုးမှုအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင် ရှစ်ခုရှိ မြို့နယ် ၁၇ မြို့နယ်တို့တွင် ရက် ၉၀၊ ဆင်းသုခ၊ ရတနာတိုးနှင့် ကောက်ညှင်းတို့ကို ဧကအများဆုံး စိုက်ပျိုးမှုရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်၊ တမံဖြစ်သည့် တဘူးလှ၊ ပေါင်းလင်း၊ လဂွမ်းပြင်၊ မဟူရာ၊ ငမိုးရိပ်၊ ကလီထော်၊ တောင်လုံးမြောင်၊ ဘန့်ဘွေးကုန်းနှင့် ဇာမဏီအင်းတို့မှ နှစ်စဉ်စိုက်ပျိုးရေနှင့် မြို့ပြသောက်သုံးရေ အထောက်အပံ့အဖြစ် ပေးဝေလျက်ရှိပြီး တဘူးလှဆည်သည် စိုက်ပျိုးရေ အများဆုံးပေးဝေလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# ရွှေစည်းခုံစေတီတော်ကြီးအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောလုပ်ငန်းအစီအစဉ် Master Planရေးဆွဲဆောင်ရွက်နိုင်ရေး ဆွေးနွေးမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီးပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲဆောင်ရွက်နိုင်ရေး ဆွေးနွေးမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်တာဝန်ရှိသူများ၊ ရွှေစည်းခုံဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်မည့် ရွှေစည်းခုံစေတီတော် Master Plan ရေးဆွဲရေးဦးဆောင်ကော်မတီ၊ Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့်အထောက်အကူပြုကော်မတီများဖွဲ့စည်းပြီး အစည်းအဝေးများကျင်းပကာ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထို့ပြင် အစည်းအဝေးများမှ ရရှိလာသောဆုံးဖြတ်ချက်များ၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် Master Plan မူကြမ်းစီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတက်ရောက်လာကြသူများက ရွှေစည်းခုံစေတီတော်ကြီး၏ Master Plan မူကြမ်းစီစဉ်ထားရှိမှုအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း၊ Master Plan ရေးဆွဲပြီးစီးပါက နိုင်ငံတော်အကြီးအကဲထံ အတည်ပြုချက်ရယူပြီး လုပ်ငန်းများဆက်လက် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်မရှိစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ထည့်သွင်းရေးဆွဲသင့်သည်များ၊ သတ်မှတ်ကာလအတွင်း Master Plan(မူကြမ်း)ပြီးစီးရန် ဆောင်ရွက်မည့်အစီအမံများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး Master Plan ကို အပြည့်စုံဆုံး၊ အကောင်းဆုံးဖြစ်စေရေး၊ သတ်မှတ်ထားသည့်အချိန်တွင် ပြီးစီးနိုင်ရေးပူးပေါင်းဆောင်ရွက်ပေးကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဝါသီးနှံနှင့် နေကြာသီးနှံ အထွက်နှုန်းမြင့်မားရေး လက်တွေ့ကွင်းဆင်းသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မြောင်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာရှိ ချည်မျှင်ရှည်ဝါစိုက်ကွင်းသို့ ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် ဝါစိုက်တောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် နည်းပညာပေးမှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ကြ၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ထိရရှိကာ အချို့သောစိုက်ကွက်များသည် ပိဿာ ၁၀၀၀ ခန့်ထိ ရရှိနေကြောင်း၊ သို့ရာတွင် အချို့သည် ပြည်တွင်းဝါမျိုးများကို အလေးထားစိုက်ပျိုးမှုမပြုသည့်အတွက် ပန်းတိုင်အထွက်နှုန်း မရဘဲ ပိဿာ ၄၀၀ ကျော်သာ ရရှိသဖြင့် ပြည်တွင်းဝါမျိုးများ၏ စိုက်ပျိုးဖြစ်ထွန်းမှုသိရှိစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ကွင်းပညာရှင် ဝန်ထမ်းများသည် နည်းပညာပေးစိုက်ခင်း၌ နေကြာသီးနှံနှင့် ချည်မျှင်ရှည်ဝါသီးနှံ စိုက်နည်းစနစ်များ၊ သွင်းအားစုသုံးစွဲရေးဆိုင်ရာများ၊ စိုက်ပျိုးရေ စနစ်တကျပေးသွင်းရေးနှင့် ဂွမ်းမွေးများ သန့်စင်ထားသည့် အရည်အသွေးမီ ဝါမျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ဝါအပင်ပေါက်ကောင်းမွန်ခြင်း၊ အရည်အသွေးကောင်းဝါဂွမ်းများ ရရှိနိုင်ခြင်းကို လက်တွေ့ပြသ ဆွေးနွေးရှင်းလင်းကြပြီး တောင်သူများ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတောင်သူများနှင့်အတူ ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာရှိ နေကြာသီးနှံစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအနေဖြင့် တောင်သူတစ်ဦးချင်းစီကို အသိပညာပေးဆောင်ရွက်နိုင်ရန် အကန့်အသတ်ရှိနေ၍ တောင်သူပညာပေးစိုက်ခင်းများ ထူထောင်ပြီး တောင်သူအစုအဖွဲ့များအလိုက် ပြသဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ယခုကဲ့သို့ မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်များ မှန်ကန်စေရေးအတွက် သရုပ်ပြစိုက်ခင်းများတွင် လာရောက်လေ့လာပြီး စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးနှင့် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲများ နီးကပ်လာပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးနှင့် စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံသော ပညာတတ်လူတော်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ တပည့်ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်အောင် စေတနာအပြည့်ထား၍ သင်ကြားပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်အလိုက် မှတ်တမ်းတို Documentary ပြုစုရေး၊ အဝေးသင်ပညာရေးမြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာရေးအဆင့်ကတည်းက အမှန်တကယ်ပညာတတ်မြောက်အောင် သင်ကြားပေးရေး၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရိုန်မြှင့်တင်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားအောင် လေ့ကျင့်ပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အဆင့်မြင့်ပညာရေးကဏ္ဍဆိုင်ရာ၊ အခြေခံပညာရေးကဏ္ဍဆိုင်ရာနှင့် ဆရာအတတ်ပညာရေးဆိုင်ရာကဏ္ဍများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် ည ၈ နာရီမှ ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီး ရွှေသင်္ကန်းစတင်ကပ်လှူ



ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင် ခေမရဋ္ဌ ဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး ရွှေသင်္ကန်း စတင်ကပ်လှူပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင် ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီး ရွှေသင်္ကန်းစတင်ကပ်လှူပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး ရင်ပြင်တော်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သမိုင်းဝင် ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းတိုက် ဆရာတော်ထံမှ တရားတော်များကို နာယူကြည်ညိုကြပြီး ရွှေဆိုင်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သမိုင်းဝင် ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးအား တက်ရောက်ဖူးမြော်ပြီး ရွှေသင်္ကန်းများ စတင်ကပ်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်













တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၅ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ဦးရေ ၁၁၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၅၀၊ မျက်စိရောဂါ ၁၃၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ဦးရေ ၅၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ၁၃ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ မရှိဆင်းရဲသားတွေအနေနဲ့ အခုလို တပ်မတော်ဆေးသင်္ဘောကြီးက





လာရောက်ပြီးတော့ ဆေးကုသပေးတဲ့အတွက် အရမ်းကိုအဆင်ပြေပါတယ်။ ငွေကုန်ကြေးကျ နည်းတဲ့အခါကျတော့လည်း သွားရေးလာရေးစရိတ်လောက်ပဲကုန်ကျတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ ဟိုင်းကြီးကျွန်းဒေသအတွက်ကို အခုလို တပ်မတော်ဆေးသင်္ဘောက ဆရာဝန်၊ ဆရာမတွေအနေနဲ့ နောင်နှစ်တွေမှာလည်း ပြည်သူလူထုအတွက်ကို ဆေးကုသမှုတွေ လာရောက်ကုသပေးနိုင်ဖို့ ဖိတ်လည်းဖိတ်ခေါ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်" ဟု ပြောပြသည်။

"အခုလိုတပ်မတော်ဆေးသင်္ဘောကြီး လာရောက်ပြီးတော့ ဆေးကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အကုန်အကျလည်း သက်သာပါတယ်။ ကျွန်တော်တို့ နဂိုတုန်းက ရောဂါဖြစ်တယ်ဆိုရင် တိုက်နယ်ဆေးရုံလာရတယ်။ ရောဂါပြင်းပြင်းထန်ထန်ဆိုလို့ရှိရင် ပုသိမ်၊ ရန်ကုန် အဲ့လောက်ထိသွားရပါတယ်။ ကုန်ကျစရိတ်တွေလည်း တအားများပါတယ်။ နောက်ပြီးတဲ့အခါမှာ တွေ့ရတာကတော့ သွားဆိုရင်သွား၊ ရောဂါပေါင်းစုံပေါ့ ဆရာမရယ်။ သူ့ဌာနနဲ့သူ လုပ်ပေးပြီးတော့ နေရာတကျစီစဉ်ဆောင်ရွက်ပြီးတော့ လိုက်လံပို့ဆောင်ပေးတဲ့ထိ တပ်မတော်သားတွေက လုပ်ကိုင်ပေးနေပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ဆေးရုံသင်္ဘောကြီးရော၊ တပ်မတော်သားတွေကိုရော အများကြီး ကျေးဇူးတင်ပါတယ်။ နောင်နှစ် နောင်နှစ်တွေမှာလည်း အမြဲတမ်းလာရောက်ပြီး ကုသနိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောပြသည်။ (၅၀၁)




# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်သင်တန်း ကျောင်းသား၊ ကျောင်းသူများ၏ အဆင့်မြင့်ပညာအဆင့် လူရည်ချွန်ပထမအဆင့် ရွေးချယ်ရေးစာမေးပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၃

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်) ပထမနှစ်သင်တန်း ကျောင်းသား၊ကျောင်းသူများ၏ အဆင့်မြင့်ပညာအဆင့် လူရည်ချွန်ပထမအဆင့်ရွေးချယ်ရေးစာမေးပွဲကို အောင်မြေသာစံမြို့နယ်ရှိ အဆိုပါတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

အဆိုပါ စာမေးပွဲတွင် နံနက် ၉ နာရီမှ ၁၁ နာရီထိ မြန်မာစာကို လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ၂နာရီထိ အင်္ဂလိပ်စာကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ အထွေထွေဗဟုသုတကို လည်းကောင်း ကျင်းပခဲ့ပြီး ဘာသာစကားဌာနအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုနေမှုများကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မျိုးကျော်



## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ**"နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ"**ခေါင်းစဉ်ဖြင့် ၅-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUGကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDFကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ (၃-၂-၂၀၂၅)

| | | | | | |
|---|---|---|---|---|---|
| နမ့်စန် | ၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၃ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် | မိုင်းဆတ် | ၈ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

# မဟာမုနိရုပ်ရှင်တော် ၆၆ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပဉ္စမအကြိမ် ဓမ္မသဘင်တရားပွဲ ကျင်းပသွားမည်

မန္တလေး ဖေဖော်ဝါရီ ၃

မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်၏ ၆၆ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်(တပို့တွဲလပြည့်နေ့) နံနက် ၆ နာရီတွင် မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အပါး ၁၅၀၀ တို့အား စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပ လှူဒါန်းသွားမည်ဖြစ်ပြီး ပဉ္စမအကြိမ် ဓမ္မသဘင်တရားပွဲကို မဟာမုနိရုပ်ရှင်တော် နာရီစင်အနီး နိဗ္ဗာန်လမ်းတွင် ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်ထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဓမ္မသဘင်တရားပွဲအနေဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ဖေဖော်ဝါရီ ၈၊ ၉ ရက်တို့တွင် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသဆရာတော်ကြီး၏ ဓမ္မသဘင်တရားပွဲများကို ညနေ ၅ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်(တပို့တွဲလပြည့်နေ့) နံနက် ၆ နာရီတွင် မြတ်စွာဘုရားအမှူးပြုသော သံဃာတော် အပါး ၁၅၀၀ အား စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် မဟာမုနိရင်ပြင်တော်ရှိ ပွဲတော်အလှူခံမဏ္ဍပ်တွင် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်ထိ ခြင်းပြိုင်ပွဲနှင့် အလှခတ်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးကျော်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်သွေးနှုန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်သွေးနှုန်းဈေးသတ်မှတ်ရေးကော်မတီ

## ဇမ္ဗူသီရိမြို့အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် ဖေဖော်ဝါရီ ၃


ယနေ့နံနက် ၂ နာရီ ၁၄ မိနစ် ၀၁ စက္ကန့်အချိန်တွင် နေပြည်တော်ငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဇမ္ဗူသီရိမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ စားသောက်ကုန်၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ် မြိုင်-ပခုက္ကူကားလမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၄၆၀၂ တန်၊ အခြားသစ် သုည ဒသမ ၅၄၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Canter Truck တစ်စီး၊ Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၇၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို လည်းကောင်း၊ မော်လမြိုင်မြို့နယ် ဖားအောက်ရပ်ကွက် ကော့ခမယ်လမ်းမ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၆၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၂၅၄၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းစပ် ၉၂၉ ရေဆိပ်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ(ချက်ဆီ) ၇၃ ပီပါ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၆၀၀၀ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၀၉၆၀၀၀ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့ အတွင်း၌ တရားမဝင် သစ်မာ ၂ ဒသမ ၉၀၈ တန်၊ အခြားသစ် သုည ဒသမ ၄၇၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၈၅၀၂ ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunglong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၃၃၈၅၀၂ ကို ဖမ်းဆီးအရေး ယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၆၅၀၂ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများကထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြင်းခြံမြို့နယ် တလုပ်မြို့ဝန်းကျင်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဖုံးကြဲကြောင်း သတင်းမှားများ ဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် တလုပ်မြို့ဝန်းကျင်တွင် ဖေဖော်ဝါရီ ၁ ရက်ညပိုင်း၌ လေကြောင်းဖြင့်ဖုံးကြဲခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများ အနေဖြင့် အဆိုပါနယ်မြေအတွင်း ပြည်သူများအေးချမ်းသာယာစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်စေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသောလုံခြုံရေးတပ်ဖွဲ့ဝင်များကိုထိခိုက်စေရန် ရည်ရွယ်၍ Drone များအသုံးပြုကာ Drop Bomb ချတိုက်ခိုက်မှုများကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခြင်း၊အသက်အိုးအိမ်စည်းစိမ်းများ ဆုံးရှုံးရခြင်းများရှိကြောင်း၊တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@pxoo ppwintwai1234"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာနေ ပွင့်ဖူးဝေအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တောင်ညိုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ကောင်းမှုစုံရာတပို့တွဲလအခါ

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

တပို့တွဲလဟာ မြန်မာလတွေရဲ့ ဆယ့်တစ်လမြောက်ချမ်းအေးသောကာလဖြစ်ပြီး ဆောင်းဥတုရဲ့နောက်ပိုင်းကာလ ရက်မစုံလဖြစ်ပါတယ်။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် "တပိုဝ်တွယ်၊ တပိုတွယ်၊ တပိုတွဲနှင့် တပို့ဝ်တွယ်"ဟူ၍ အမျိုးမျိုးကမွည်းရေးထိုးခဲ့ကြပါတယ်။ တပို့တွဲဟူသောအမည်သာ ထန်းလုပ်ငန်းအကြောင်းခံ၍ ခေါ်သောအမည်ဖြစ်ပါတယ်။ "တပိုမှာထဖိုဖြစ်၍ "တွဲ"ဆိုတာကတွဲလျောင်းကျခြင်းဖြစ်ပြီး ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များ တွဲလျားကျသောကာလကို ခေါ်ဆိုပါတယ်။ ဒါ့ကြောင့် တပို့တွဲလဆိုတာ ထန်းဖူးထွက်တဲ့လ၊ ထန်းရည်နှင်းသောလ လို့ ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြပါတယ်။ ဗေဒင်အလို အားဖြင့် ကုံရာသီဖြစ်ပြီး "နတ်၊ ပြာ၊ တွဲ၊ တောင်"ဆိုတဲ့စကားအတိုင်း နဂါးဦးခေါင်းဟာ တောင်အရပ်ကိုလှည့်ပါတယ်။

တပို့တွဲလဟာ ဆောင်းဥတုရဲ့နောက်ပိုင်းကာလဖြစ်ပြီး ထန်းပင်မှထန်းနို့ဖူးများ စတင်ထွက်ရှိပါတယ်။ ထန်းတောင်သူတို့မှာ ထန်းဆွဲမြူအိုးတွေကို စုဆောင်းကြပါတယ်။ ထန်းလျက်ကြိုချက်ရာမှာ ထင်းမီးအဖြစ်အသုံးပြုဖို့ထန်းဖတ်၊ ထန်းလက်တို့စုပုံကြပါတယ်။ ထန်းလျက်ချက်ရန် ထန်းလျက်ချက်ဖို၊ မိုးပြဲဒယ်၊ မြေအိုးကြီးတို့ကိုလည်း အသင့်ပြင်ဆင်ထားကြပါတယ်။ ထန်းတက်သမားက ကလိုင်ချောင်းကိုကိုင်ကာ အသွားထက်တဲ့ဓားနီးကို ခါးမှာချိတ်ပြီးထန်းတက်ပါတယ်။ တပို့တွဲလရဲ့ဦးဆုံးထွက်ပေါ်တဲ့ "တပို့ဦးထန်းလျက်"မှာ နူးညံ့ကောင်းမွန်ပြီး ဆေးဖက်ဝင်ပါတယ်။

တပို့တွဲလမှာ ကျွဲချိုဖျားအထိ အေးတယ်လို့အဆို ရှိပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက တပို့တွဲလမှာ မီးမလှုံရန် ရဟန်းတို့ကို တားမြစ်တော်မူခဲ့ဖူးပါတယ်။ တားမြစ်ရတဲ့အကြောင်းမှာ မီးအပူရှိန်ကြောင့် အမြင်များဝေဝါးစေပြီး အသားအရေကို ခန်းခြောက်စေပါတယ်။ မီးလှုံနေစဉ် အပေါင်းအဖော်တို့နဲ့မွေ့လျော်ကာ အကျိုးမရှိတဲ့ စကားကို ပြောဆိုတတ်တာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ တပို့တွဲလအကုန် တပေါင်းလအကူး ကြားကာလ ရှစ်ရက်ဟာ အလွန်ချမ်းအေးတာကြောင့် ဒီရက်များအတွင်း ရဟန်းတွေကို မီးလှုံဖို့ခွင့်ပြုရုံတင်မက ဘုရားရှင်ကိုယ်တော်တိုင်ပင် မီးလှုံတော်မူခဲ့ပါတယ်။ ဒီအကြောင်းကိုအစွဲပြုပြီး ဗုဒ္ဓဘာသာဝင်တို့ဟာ တပို့တွဲလမှာ မီးဖုန်းပွဲ ခေါ် မီးပုံပွဲကို ဆင်ယင်ကျင်းပကြပါတယ်။ ရှေးအခါက မီးဖုန်းပွဲကျင်းပပုံမှာ အလှူရှင်များမှာ တောတောင်များသို့သွားရောက်ပြီး နံ့သာထင်းများကို ခုတ်ယူစုဆောင်းကြပါတယ်။ ခုတ်ယူရရှိတဲ့ထင်းတွေကိုစုပုံမီးရှို့ကာ ဘုရားစေတီများကို မီးအပူဓာတ်နဲ့ လှူဒါန်းကြပါတယ်။ ယနေ့ခေတ်ကျင်းပုံမှာ အမွှေးတိုင်၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သနပ်ခါးတုံး၊ ထင်းစည်းငယ်တွေနဲ့ စေတီအနီးပြုလုပ်ထားတဲ့ မီးဖိုအတွင်း ထည့်ကာ ပူဇော်ကြပါတယ်။

**❖တပို့တွဲလမှာ ကျွဲချိုဖျားအထိ အေးတယ်လို့အဆို ရှိပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက တပို့တွဲလမှာ မီးမလှုံရန် ရဟန်းတို့ကိုတားမြစ်တော်မူခဲ့ဖူးပါတယ်။ တားမြစ်ရတဲ့အကြောင်းမှာ မီးအပူရှိန်ကြောင့် အမြင်များဝေဝါးစေပြီး အသားအရေကို ခန်းခြောက်စေပါတယ်။ မီးလှုံနေစဉ် အပေါင်းအဖော်တို့နဲ့ မွေ့လျော်ကာ အကျိုးမရှိတဲ့စကားကို ပြောဆိုတတ်တာကြောင့်ဖြစ်ပါတယ်။ ဒါပေမဲ့ တပို့တွဲလအကုန် တပေါင်းလအကူး ကြားကာလ ရှစ်ရက်ဟာ အလွန်ချမ်းအေးတာကြောင့် ဒီရက်များအတွင်း ရဟန်းတွေကို မီးလှုံဖို့ခွင့်ပြုရုံတင်မက ဘုရားရှင်ကိုယ်တော်တိုင်ပင် မီးလှုံတော်မူခဲ့ပါတယ်။ ❖**

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ဟာတပို့တွဲလလို့ဆိုလိုက်တာနဲ့ ထမနဲပွဲကိုမြင်ယောင်ကြပါတယ်။

ထမနဲထိုးရာမှာ အချိန်အဆရှိပါတယ်။ ထမနဲထိုးတဲ့အခါ ထည့်ရမဲ့အချိုးအစားကို

"စားတော်ရဆန်ပေါက်ဝါ၊
လေးပြည်သာထည့်မြဲ၊
ချိန်ပိဿာလျှံကြည်ရွှဲအောင်လို့၊
နှမ်းဆီလည်းထည့်ပြန်၊
မြေပဲဆန်အင်္ဂသုညငယ်နှင့်ဒွတ္တိံသတိလဗီဇံ၊
အုန်းသီးစိတ်ကျပ်ဝီသံငယ်၊
လောနတံချိန်သတ်နှင့်၊
ချင်းနုဖတ်သိင်္ဂီမျှင်ရွှေ၊
သုံးကျပ်မသွေ"လို့ တေးထပ်နဲ့စပ်ဆိုခဲ့ကြပါတယ်။

အဓိပ္ပာယ်မှာ ပထမဦးစွာ ကောက်ညှင်းဆန်လေးပြည်ကို ရေစင်အောင်ဆေးထားရပါမယ်။ ဆီတစ်ပိဿာကို ဒယ်အိုးထဲထည့်ကာ ချင်းသုံးကျပ်သားနဲ့ ဆီသတ်ကာ ကောက်ညှင်းဆန်ထည့်ပြီးနှပ်ရပါမယ်။ ကောက်ညှင်းနှပ်ရာမှာ ဆီပြန်သည်ထိကြေအောင် ယောက်မနဲ့နှဲရပါမယ်။ ကြေမွသွားတဲ့ကောက်ညှင်းကို မြေပဲဆန်အကျက် ၈၀ ကျပ်သား၊ နှမ်းလှော် ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သားနဲ့ ဆားခုနစ်ကျပ်သားတို့ကို နှံ့အောင်ထည့်ပြီး မွှေလိုက်တဲ့အခါ ထမနဲအဖြစ်ရရှိပါတယ်။ ချင်း၊ ကောက်ညှင်း၊ နှမ်းဆီ စတဲ့အပူဓာတ်ရှိတဲ့အရာတွေနဲ့ရောစပ်ထားတာဟာ ချမ်းအေးတဲ့ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပါတယ်။

တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့အဖြစ် သိမှတ်ကြရာ ပေါ်ပေါက်လာပုံမှာ ဤသို့ပင်ဖြစ်ပါတယ်။ ဗုဒ္ဓဘုရားပွင့်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ ဝေဠုဝန်ကျောင်းတော်ကြီးမှာ ပထမဦးဆုံး သံဃာ့အစည်းအဝေးကြီးကျင်းပပါတယ်။ အစည်းအဝေးကြီးကျင်းပရာနေ့ဟာ ရာသီဥတုကြည်လင်တဲ့ တပို့တွဲလပြည့်နေ့ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်မှာအရှင်သာရိပုတ္တရာမထေရ်မြတ်ကို ပထမအဂ္ဂသာဝကအဖြစ်နဲ့ အရှင်မောဂ္ဂလန်မထေရ်မြတ်ကို ဒုတိယသာဝကအဖြစ် ချီးမြှင့်တော်မူပါတယ်။ ဆက်လက်ပြီး တပည့်သံဃာတော်တို့ကို ဩဝါဒပါတိမောက်ဟောကြားတော်မူပါတယ်။

ဩဝါဒပါတိမောက်ပထမဂါထာရဲ့အဓိပ္ပာယ်မှာ "သည်းခံမှုတရားသည် မြတ်သောအကျင့်တည်း။ နိဗ္ဗာန်ကိုအလွန်မြတ်၏ဟု ဘုရားရှင်တို့ဟောတော်မူကုန်၏။ ရဟန်းဟူသည်သူတစ်ပါးကို မညှဉ်းဆဲ။ သူတစ်ပါးကိုညှဉ်းဆဲသောရဟန်းမဟုတ်"လို့ဖြစ်ပါတယ်။ ဒုတိယဂါထာရဲ့အဓိပ္ပာယ်မှာ "မကောင်းမှုဟူသမျှကိုမပြုရာ။ ကုသိုလ်နှင့်ပြည့်စုံစေရာ၏။ မိမိစိတ်ကိုဖြူစင်စေရာ၏"လို့ဖြစ်ပါတယ်။ တတိယဂါထာရဲ့အဓိပ္ပာယ်မှာ "ပါတိမောက္ခသံဝရသီလကိုစောင့်ရှောက်ရာ၏။ စားဖွယ်၌အတိုင်း အရှည်ကိုသိရာ၏။ ဆိတ်ငြိမ်သော ကျောင်းအိမ်ရာနေရာသို့ကပ်ရောက်နေထိုင်၍ ထူးမြတ်သောစိတ်၌လွန်စွာအားထုတ်ရာ၏"လို့ဖြစ်ပါတယ်။

ဩဝါဒပါတိမောက်မှာ ပိဋကသုံးပုံရဲ့အနှစ်ချုပ်ဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာတို့ကို ဟောကြားထားပြီး လိုက်နာကျင့်သုံးသူများမှာ ကိုယ်နှုတ်နှလုံးသုံးပါးလုံး ယဉ်ကျေးလိမ္မာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကင်းရာ မြတ်နိဗ္ဗာန်ကိုရောက်နိုင်ကြောင်း လေ့လာသိရှိရပါတယ်။ ဗုဒ္ဓဘာသာဝင်များဟာ ဩဝါဒပါတိမောက်အခါတော်နေ့မှာ ဂါထာ သုံးခုကိုရွတ်ဖတ်ကြပါတယ်။ ကျောက်စာနဲ့လည်း ထွင်းထုထားကြပါတယ်။မေ့ပူဇာအဖြစ်ပုံနှိပ်ဖြန့်ဝေလှူဒါန်းကြပါတယ်။

တပို့တွဲလမှာ ပေါက်ပင်နှင့် လက်ပံပင်တို့ဟာ တစ်ပင်လုံး ရဲရဲနီအောင် ပွင့်ဖူးကြပါတယ်။ အပွင့်တို့ဟာ လေအဝှေ့မှာ တစ်ဝဲဝဲကြွေကျတာကို မြင်တွေ့ရသည်မှာ အလွန်ကြည်နူးဖွယ်ကောင်းပါတယ်။ အသစ်ထွက်တဲ့ လက်ပံရွက်စိမ်းနုနုနဲ့ အနီရောင်လက်ပံပွင့်တို့ယှဉ်တွဲတည်ရှိနေပုံမှာ ပန်းချီကားတစ်ချပ်လိုလှပါနေပါတယ်။ ဒါကြောင့် စာဆိုရှင်မဟာဂီတ ဦးပြုံးချိုက

"ပေါက်လဲတဲ့ပွင့်စီစီ
ဝတ်ပန်းသူရာရေကြောင့်၊
ဆက်ရက်တွေသံစုံကြူးတယ်
မြူးသည့်ရာသီ။
ငွေသော်တာကြယ်မာဃငယ်နှင့်
ထွန်းလျှံပပြည့်ကာညီ
ပြာရီလဲ့မြူခိုး။
ယာဂုပွဲကိုတဲ့၊
လှူမြဲအလွန်ရွှင်လို့
ခုနစ်စင်တာရာလျှမ်းသည်နှင့်
ဆူးပန်းတွေ ဝေဝေပွင့်ကြတယ်
ထူးတင့်မညိုး"။လို့ဆိုကာ မဟာဂီတပေါင်းချုပ်မှာ စပ်ဆိုခဲ့ပါတယ်။

ဆောင်းဥတုမှာ ကုန်လွန်ခါနီး အလွန် ချမ်းအေးပါတယ်။ "နှာရည်ယိုရွှဲ တပို့တွဲ" ဆိုတဲ့စကားအတိုင်း ရာသီဥတုမှာအအေးပိုတာကြောင့် လူတို့မှာ နှာရည်များယိုသည်ထိ ဖြစ်ကြပါတယ်။

အချုပ်အားဖြင့်ဆိုရရင် တပို့တွဲလမှာ ထန်းတက်သမားများဟာ ထန်းလုပ်ငန်းကိုစတင်လုပ်ဆောင်ကြပါတယ်။ မြန်မာလူမျိုးတို့ဟာ သဒ္ဓါတရားထက်သန်စွာနဲ့ မီးဖုန်းပွဲကိုဆင်နွှဲကြပါတယ်။ မြန်မာ့ရိုးရာထမနဲပွဲကို ဆင်နွှဲပါတယ်။ ရာသီဥတုမှာ အေးမြကြည်လင်ပြီး ပေါက်ပင်ပွင့်၊ လက်ပံပွင့်တို့ဖူးပွင့်ပါတယ်။ တပို့တွဲလဟာ လောကီနဲ့ လောကုတ္တရာနှစ်ဖြာကောင်းခြင်းနဲ့ ပြည့်စုံနေတာကြောင့် "ကောင်းမှုစုံရာ တပို့တွဲလအခါ"ပင်ဖြစ်ပါတော့တယ်။

**ကိုးကား**

**– တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည့် နိုင်ငံတော်ဗုဒ္ဓသာသန၊ မဟာဗုဒ္ဓဝင်တတိယတွဲ။**

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ကလေးဝ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၄၄ ကေ နှင့် ဖူးစားပြောင်းကေ ၁၆၁၀ စုစုပေါင်း ၂၁၅၄ ကေစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၅၄၇ ကေနှင့် ဖူးစားပြောင်း ၃၁၆၅ ကေ စုစုပေါင်း ၃၇၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၁၅၄ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၇၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်အသိပညာပေးဆောင်ရွက်ပေးနေတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်း ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ပြီး တောင်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ဝတ္ထုတိုကဏ္ဍ

# ချုပ်ရိုး

မောင်ကြည်လင်(ရွှေကြိုးကြာ)



(၁)

ဘွဲ့ဝတ်စုံနှင့် လှပနေသော ဖိုးချိုကို မျက်ရည်စတို့ ရစ်ဝဲနေသော အပြုံးများဖြင့် စံညိုကြည့်နေမိသည်။ စံညို ကြိုးစားခဲ့ရသည်။ ပင်ပန်းခဲ့ရသည်။ ကြမ်းတမ်းစွာ လျှောက်ခဲ့ရသော စံညိုဘဝအတွက် ပန်းရနံ့ သင်းခဲ့လေပြီ။ အဘွားပြောခဲ့သည့် စကားကို စံညို ကြားယောင်မိသည်။

''အဘွားရေ စံညိုတို့ ဘဝကို လှပသေသပ်စွာ ပြုပြင်ပြီး ချုပ်လိုက်ပါပြီ"

အဘွားကြားအောင်လည်း အော်ပြောလိုက်ချင်သည်။

(၂)

ဆောင်းလေက တဖြူးဖြူးတိုက်ခတ်နေသည်။ စံညိုသည် အနွေးထည်ခပ်ပါးပါးလေး ဝတ်ထားသည်မို့ အေးစိမ့်နေ၏။

''စံညို နင်ထမင်းချက်နေတာလား"ဟု မောင်ဖြစ်သူ ဖိုးချိုက မေးရာ-

''အေးလေ၊ဘာဖြစ်လို့လဲ"

''ဘာမှမဟုတ်ပါဘူး။ အေးလိုက်တာနော်။ အနွေးထည်ကလေး တစ်ထည်လောက်တော့ လိုချင်လိုက်တာ"

''မီးဖိုနား လာပါလား ဖိုးချို"

ထန်းရွက်ဖြင့်ကာထားသော မီးဖိုနားသို့ မောင်ဖြစ်သူကို ခေါ်လိုက်သည်။

စံညို စကားကြောင့် ဖိုးချို မီးဖိုနားသို့ ရောက်လာသည်။

''ထင်းတွေကို မဆော့နဲ့ ဖိုးချို။ မနေ့က ငါတစ်ယောက်တည်း ထင်းခြောက်လိုက်ကောက်ထားရတာ"

ထင်းမလုံလောက်သဖြင့် ညနေတိုင်း ရွာဘေးရှိ မြောင်းအနီး သစ်ကိုင်းခြောက်များ၊ အပင်ငယ်များကို ရှာဖွေခုတ်ဖြတ်ထားရခြင်းဖြစ်ပါသည်။

"မဆော့ပါဘူး စံညိုရယ်"

"ငါ ထန်းမြစ်ဖုတ်ထားတယ် ဖိုးချို"

"ဟုတ်လား။ ဘယ်ကရတာလဲ"

''မနေ့ ညနေက ဘုန်းကြီးကျောင်းထန်းပင်အောက်မှာ သွားတူးလာတာ"

" အဘွား ဈေးရောင်းသွားပြီလား"

"သွားပြီလေ။ နင်ဒီနေ့ ကျောင်းပိတ်တယ်နော် ဖိုးချို"

ဖိုးချိုက စံညိုကို ခေါင်းညိတ်ပြလိုက်သည်။

''အဘွားလဲ ငါတို့ကို ရှာကျွေးရတာ ပင်ပန်းနေပြီနော် စံညို"

"နင်စာကြိုးစားပေါ့။နင်အလုပ်ရှိတဲ့အခါ အဘွားလဲ အလုပ်မလုပ်ရတော့မှာလေ"

''ငါလဲကြိုးစားပါတယ် စံညိုရယ်"

ဟုတ်ပါသည်။ မောင်ဖြစ်သူ ဖိုးချို စာကြိုးစားသည်ကို စံညို သိပါသည်။ ဖိုးချိုသည် ယခုဆိုလျှင် တတိယတန်းသို့ ရောက်နေပြီဖြစ်သည်။ သူက ဒုတိယတန်းနှင့် ကျောင်းထွက်ခဲ့ရသည်။မထွက်လို့လည်း မဖြစ်ပါ။ အဘွားကို ကူညီပေးနိုင်သူက စံညိုတစ်ယောက်ပဲရှိသည်။စံညိုတို့ မိဘများ ဆုံးသွားချိန်တွင်စံညိုတို့ မောင်နှမ အဘွားဖြစ်သူနှင့် ကျန်ရစ်ခဲ့ရသည်။

အဘွားကလည်း ခွန်အားရှိသမျှ လုပ်ကျွေးရှာသည်။ စံညိုလည်း အဘွားကို နိုင်သမျှ ကူညီပါသည်။ စပါးရိတ်ချိန် စပါးကောက်သင်းကောက်သည်။ပဲပြီးချိန်တွင်လည်း ပဲကောက်သင်းကောက်သည်။ ကန်စွန်းရွက်ခူးပြီးလည်း ရောင်းသည်။

(၃)

"သမီး စံညို။ အဘွားဆီလာအုံး။ မှာစရာရှိတာမှာမယ် သမီး"

အဘွားသည် ကြွပ်ကြွပ်အိတ်ထဲကို ထဘီနှင့် အင်္ကျီတစ်ထည်ကို ထည့်ရင်းပြောသည်။

''မောင်နှမတွေ ရန်မဖြစ်ကြနဲ့။ ဆန်ကုန်ရင် ဒေါ်ကြည်ဆီသွားချေးထား။ ဒေါ်ကြည်ကို အဘွား ပြောထားခဲ့တယ်။ အဘွား နှစ်ရက်သုံးရက်ထက်ပို မကြာဘူး။ ဖိုးချို မင်းအစ်မစကားကို နားထောင်နော်။ ကျောင်းပိတ်ရက်တွေ အိမ်မှာပဲနေ။ မင်းအစ်မကို ကူညီနော်"

''ဟုတ်ကဲ့ အဘွား"

အဘွားကို အရှေ့ဘက်ရွာက မွေးလူနာက လာခေါ်ခြင်းဖြစ်သည်။ အဘွားက ဝမ်းဆွဲလည်း လုပ်သည်။ စံညိုတို့ရွာက လူတိုင်းနီးပါး အဘွားနှင့် မကင်းကြ။ အဘွားမှာ ဝမ်းဆွဲလက်မှတ်လည်း ရှိသည်။

အဘွားထွက်သွားချိန်တွင် စံညို ဆန်အိုးကိုဖွင့်ကြည့်လိုက်သည်။ အလွန်ဆုံး တစ်ရက်စာသာ ရှိလိမ့်မည်။ မလောက်မှန်းသိသော်လည်း အဘွားမှာ ပေးစရာမရှိသည်ကို စံညို သိနေသည်။

''စံညို ငါ့ကို သက်ထွေးတို့လို ကားလေး လုပ်ပေးပါလား"

ဖိုးချိုက ပြောရင်းဖိနပ်စုတ်ကလေးကို စံညိုကို လှမ်းပေးသည်။

''အမယ်လေး ဖိုးချိုရယ်။ ငါ ထင်းခွေသွားရင် စီးနေတဲ့ဖိနပ်ကလေး သားရေကြိုးပြတ်နေလို့ ငါ့မှာ မနည်းကို ပြန်လုပ်ထားရတာ"

စံညို စကားကြောင့် ဖိုးချို မျက်နှာမဲ့သွားသည်။ ဘယ်တတ်နိုင်ပါ့မလဲ။ စံညိုအတွက် သည်ဖိနပ်ကလေးက အသုံးဝင်နေတာပဲမဟုတ်လား။

(၄)

အဘွားသွားသည်မှာ သုံးရက်ပြည့်ပြီ။ ယနေ့ ဒေါ်ကြည်ဆီသို့ ဆန်သွားချေးသော်လည်း မရခဲ့ပါ။ မနေ့ကတော့ ရခဲ့ပါသည်။ ဘယ်တတ်နိုင်ပါ့မလဲ။ ဒေါ်ကြည်လည်း ချမ်းသာသူမှ မဟုတ်တာ။

''စံညို ထမင်း မချက်သေးဘူးလား။ ဖိုးချို ဗိုက်ဆာနေပြီ"

စံညို သက်ပြင်းရှည်ကြီးချကာ ဆန်အိုးကို စောင်းပြလိုက်သည်။ ဖိုးချိုမျက်နှာ အရောင်မှိန်သွားသည်။

''ဟင် စံညို။ ဒါဆို ကြောင်မကလေး မိနက်လဲ သနားပါတယ်နော်"

ဟုတ်သည်။ ဖိုးချို ပြောမှသတိရသည်။ ကြောင်မကလေးမိနက်သည် စံညိုတို့အတွက် အဖော်ဖြစ်သည်။ ညတိုင်း စံညိုတို့အနားမှာ လာအိပ်တတ်သည်။ စံညိုတို့ ထမင်းမစားရသော်လည်း မိနက် ဒုက္ခတွေ့ မည်မဟုတ်။

"သူက ကြွက်တွေဖမ်းစားမှာလေ။ မငတ်ပါဘူး ဖိုးချိုရဲ့"

''အေး ဟုတ်သားပဲနော် စံညို။ သူက အဆင်ပြေပေမဲ့ ငါ့ကတော့မပြေဘူး။ ဗိုက်ဆာတယ် စံညိုရေ"

ဖိုးချို အသံက ကျယ်လွန်းသဖြင့် အိမ်ရှေ့ သစ်ပင်ပေါ်က ငှက်ကလေးများ ထပျံသွားကြလေသည်။

(၅)

"စံညိုရေ။ ခင်မေသန်းတို့ ကန်စွန်းရွက် သွားခူးကြမလို့တဲ့။ ငါတို့လဲ လိုက်ခူးရအောင်"

''အေးအေး။ဆန်ဖိုးလေးဘာလေးရတာပေါ့ ဖိုးချို"

စံညိုတို့ မောင်နှမ ပုဆိုးစကလေးခေါင်းပေါ်တင်ပြီး လယ်တောဆီထွက်ခဲ့ကြသည်။

''ဟိုးမှာ ခင်မေသန်းတို့ အဖွဲ့"

ဖိုးချို ညွှန်ပြရာသို့ စံညို မျှော်ကြည့်လိုက်သည်။ စံညိုတို့နှင့် ခရီးအတော်လှမ်းသည်။

''ခပ်သုတ်သုတ်လျှောက် ဖိုးချို"

စံညိုလည်း ဖိုးချိုကို ပြောရင်းဖြင့် ခြေလှမ်းများကို အရှိန်မြှင့်လိုက်သည်။

နေကျချိန်ဟုဆိုသော်လည်း နေမင်းကြီးက အပူရှိန်ကို ထုတ်လွှတ်လျက်ရှိနေသည်။ စံညိုတို့ ကန်စွန်းရွက် ခူးထွက်သည်ဟု အဘွားသိလျှင် အဆူခံရမည်မှာ သေချာသည်။ လူကြီးမပါဘဲ ကန်စွန်းရွက်ခူးထွက်သည်ကို အဘွား သဘောမကျ။ ကံတရား၏ ရက်စက်မှုသည် စံညိုတို့အတွက် ပြင်းထန်လွန်းသည်။ မိစုံဖစုံမရှိလျှင်တောင်မှ အဖေသို့မဟုတ် အမေကို စံညို တို့နှင့် ထားပေးသင့်သည်ဟု စံညိုထင်မိသည်။ ယခုဖြင့် စံညိုတို့ဘဝသည် အဖေခေါ်စရာလည်း မရှိ၊ အမေခေါ်စရာလည်း နတ္ထိ ဖြစ်ခဲ့ရသည်။

''စံညို မြန်မြန်လာ။ နင့်အဘွား ဟိုဘက်ရွာမှာ ပိုးထိလို့တဲ့"

ကြားလိုက်ရသော စကားကြောင့် နားစည်ကွဲထွက်သွားပြီလားဟု စံညို ထင်မိသည်။ မျက်လုံးများလည်း ပြာလာသည်။ ကောင်းကင်ကြီးက လည်နေသည်။ ဆောက်တည်ရာမရသည့် ခြေလှမ်းတွေက ဘယ်ညာမမှန်တော့ပေ။ဖိုးချိုကိုလည်း မေ့သွားသည်။

အိမ်ရှေ့ကိုရောက်လျှင် ဟိုဘက်ရွာကလူကြီး တချို့ရောက်နေကြသည်။ မြို့ပေါ်ဆေးရုံသို့ စံညိုတို့ လိုက်သွားကြသည်။ စံညိုဘာမှမသိ။ နားလည်မလည်။ ဆေးရုံရောက်သည့်အခါကျတော့ အဘွားဆုံးပြီတဲ့။

''စိတ်မကောင်းပါဘူးကလေးတို့ရယ်။ လူတစ်ယောက်ရဲ့ သေကံဆိုတာ မှန်းဆလို့မှ မရတာကွယ်"

ရွာကလူကြီးတချို့က အားပေးစကားပြောကြသော်လည်း စံညို မကြားတစ်ချက် ကြားတစ်ချက်။ ရေရေရာရာ ဘာမှနားမလည်ပေ။

(၆)

အဘွား နာရေးကို ဆေးရုံတွင် ပြုလုပ်ကြသည်။ ရက်လည်ဆွမ်းကို စံညိုတို့ အိမ်ကလေးတွင် ရွာလူကြီးများက အဆင်ပြေအောင်ကူညီကြသည်။

အဘွားရှိစဉ်မှာ စားဝတ်နေရေး အဆင်မပြေသော်လည်း မငတ်ခဲ့ပေ။ ယခုတော့ ပိုဆိုးပြီဖြစ်သည်။ ထမင်းတစ်ခါဆာတိုင်း ခေါင်းကလေးမော့ပြီး မေးရှာသည့် ဖိုးချိုကို အားပေးရန် စကားလုံးရှာမရခဲ့ပေ။

ရပ်ရွာကလည်း တောင်သူလယ်လုပ်ကြသည်မို့ လက်လုပ်လက်စားသမား များသည်။ အမြဲတမ်း စံညိုတို့ကို မကူညီနိုင်ကြပေ။ စံညို အားတင်းထားသည်။ ကန်စွန်းရွက်လည်း ခူးရောင်းသည်။ ခရေပန်းတွေလည်း ကောက်ယူသီကုံး၍ ရောင်းသည်။သင့်သလို ဘဝကို ဖြတ်သန်းနေခဲ့ရသည်။

ဖိုးချိုကိုလည်း ကျောင်းဆက်ထားသည်။စာကြိုးစားသော ဖိုးချိုကို ဆရာမများသည် အဝတ်အစား၊ စာအုပ်များ ဝယ်ပေးကြသည်။

''စံညို ညည်းက အပျိုလေးဖြစ်နေပြီနော် အသွားအလာ ဂရုစိုက်"

မီးအိမ်ကလေးထွန်းကာ ညဘက်ပန်းကောက်ထွက်သော စံညိုကို အိမ်နီးချင်းများက သတိပေးကြသည်။ စံညို သိပါသည်။ လွန်ခဲ့သော တစ်ရက်က အဖြစ်အပျက်တစ်ခုကို မှတ်မိနေသည်။

ထိုည စံညို ပန်းကောက်ပြီးပြန်လာသော ညဖြစ်သည်။

''ဖိုးချို အိပ်တော့လေ။ စံညို ပန်းသီလိုက်အုံးမယ်"

ဖိုးချို အိပ်ရာဝင်သွားသည်။ စံညို ပန်းသီနေခဲ့သည်။ မှိန်ပျပျမီးအလင်းရောင်တွင် တွေ့မြင်လိုက်ရသည့် အရိပ်တစ်ခုကြောင့် စံညို ထိတ်လန့်သွားမိသည်။

''အဘွားမရှိရင် စံညို နံဘေးမှာ ဟော့ဒီ ဓားကို

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၇၇ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၉၁၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မတ်ပဲဧက ၁၉၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာသီမှာလဲလိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲ အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ခုံးစိမ်းပိသျှာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မြောင်းမြ ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ခုံးစိမ်းပိသျှာချိန် ၈၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ခုံးစိမ်းပိသျှာချိန် ၅၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက် မှ ၃၁ ရက်ထိ ခုံးစိမ်း ပိသျှာချိန် ၈၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒေသကထွက်ရှိတဲ့ ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်း ဈေးကွက်မှာကို အဝယ်လိုက်နေပါတယ်။ပြီးခဲ့တဲ့ တစ်လအတွင်း ခုံးတွေ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ မြောင်းမြမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ အပြင် ခုံးစိမ်းကို ရှာဖွေဖမ်းယူရရှိကြတာ ဖြစ်ပါတယ်။ ဒေသထွက် ခုံးစိမ်းတွေကို မြောင်းမြမြို့ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမို အရောင်းသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ ပြန်ပြီး အလုပ်အကိုင် အခွင့်အလမ်း တွေရရှိတာပေါ့" ဟု မြောင်းမြ မြို့နယ် ရေထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ထားအိပ်။ အနားရောက်လာသူမှန်သမျှ အားရှိသလောက်ခုတ်လိုက်၊ ဥပဒေမှာ ပြန်လည်ခုခံပိုင်ခွင့်ဆိုတာရှိတယ်။ စံညို ဘာမှမဖြစ်စေရဘူး"

အဘွားမှာကြားခဲ့သည့်စကားကြောင့် ထိုညကဓားကို ကျစ်လျစ်စွာကိုင်ထားမိခဲ့သည်။

(၇)

စံညို နေမကောင်းသဖြင့် အိပ်ရာတွင် မှေးနေမိသည်။

''ဖိုးချို ထတော့၊ ရေနွေးအိုးတည်ပေး၊ ရေပွက်ရင် စံညိုကို လာပြောနော်"

ဖိုးချိုအိပ်ရာမှ အလောတကြီးထသွားသည်။

''နေမကောင်းလို့လား စံညို။ အသားတွေလဲ ပူနေတယ်"

''အေး စံညိုဖျားပြီ။ ရေနွေးအိုး မြန်မြန်တည်နော်"

ဆေးဝယ်ရန် စံညိုမှာ ငွေမရှိသော်လည်း ကိုယ်ပူလာပြီဆိုလျှင် ဆူပွက်အောင်တည်ထားသည့် ရေနွေးအိုးနှင့် စံညို တစ်ကိုယ်လုံး လုံအောင် စောင်ခြုံ ချွေးထုတ်လိုက်သည်။ ချွေးများထွက်ပြီး အပူကျလျှင် လူလည်း လန်းဆန်းသွားတတ်ပါသည်။ အဘွားရှိစဉ်က စံညိုတို့ ကိုယ်ပူကြီးလျှင် ပြုလုပ်ပေးနေကျဖြစ်သည်။

ချွေးထုတ်ပြီးသောအခါ ဖိုးချိုသည် စံညိုအနားမှာ လာထိုင်သည်။ ခန်းခြောက်သွားသည့် မျက်ရည်စီးကြောင်းက ဝမ်းနည်းအားငယ်နေမှန်း သိသာနေသည်။ ဖိုးချိုက စံညို လက်ကလေးများကို ဆုပ်ကိုင်ထားပြီး ငုံ့ကြည့်သည်။

''စံညို။ ငါ့ကို တစ်ယောက်တည်း ထားခဲ့ပြီး ဘယ်မှထွက်မသွားပါနဲ့နော်"

ဖိုးချိုစကားကြောင့် စံညို ရုတ်တရက် ထထိုင်လိုက်မိသည်။

''အင်း ဖိုးချို"

အသံများက တုန်ရီနေမှန်း စံညိုသိပါသည်။ ရင်ထဲတွင် ပျို့တက်ဝမ်းနည်းလာပြီး ဖိုးချိုကို ဖက်ထားသောအခါ နောက်ကျောဘက်ဆီက ဖိုးချိုအင်္ကျီကလေး ပေါက်ပြဲနေလေသည်။

စံညိုတို့ အင်္ကျီကလေးများ ပေါက်ပြဲသည့်အခါ အဘွားက ပြန်လည်ချုပ်ပေးခဲ့သည်။ အဘွားက စံညိုကို ပြောသည်။

''အင်္ကျီက ပြဲနေရင် ပြန်ချုပ်လို့ရတယ်။ ကြိုးစားမှုမဲ့နေတဲ့ ဘဝတွေကိုတော့ ပြန်ချုပ်လို့မရဘူး။ ကြိုးစားနေတဲ့သူအတွက် ဘဝချုပ်ရိုးကို အောင်မြင်မှုတွေနဲ့ ပြန်ဖာပြန်ချုပ်လို့ရတယ် စံညို"

အဘွားစကားနှင့်အညီ စံညို ကြိုးစားခဲ့သည်။စပါးလည်း ရိတ်တတ်ခဲ့ပြီ။ ပဲချိန်တွင်လည်း ပဲနုတ်မပြတ်ခဲ့ပေ။ ကျန်အချိန်များတွင် ဈေးတောင်းခေါင်းပေါ်ရွက်ခဲ့သည်။ မောင်လေးအတွက်ဟူသော ရည်မှန်းချက်ကြောင့် စံညို မမောပန်းနိုင်ခဲ့ပေ။ လောကဓံကို ခါးစည်းခံပြီး ကြိုးစားခဲ့သည်မှာ ရာသီပန်းများပင် အကြိမ်ကြိမ် ဖူးကြ၊ ပွင့်ကြလှပခဲ့ကြသည်။ ထိုကာလတွင် စံညိုသည် အတိုက်အခိုက်လည်းခံခဲ့ရသည်။ ကူညီကြသူများလည်းရှိခဲ့သည်။ နိမ့်ချသူများလည်းတွေ့ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ မောင်လေး၏ ဘဝချုပ်ရိုးလှပစေဖို့ ရှေ့တန်းက တာဝန်ယူခဲ့သည်။ ယခုအခါ မောင်လေးသည်ပင် ဘွဲ့ရရှိပြီ ဖြစ်ပါတော့သည်။

## တို့တောရွာ

- တို့ရွာဦးကျောင်း အုန်းမောင်းခေါက်သံ
  ချိန်မှန်နှိုးစက် မြည်လျက်ထဖို့ရန်
  အချက်ပေးပြန် စီမံချက်ပြုတ်
  အိမ်ပတ်ဝန်းကျင် သန့်ရှင်းပြင်
  ကြိုတင်ပြုကြ ဖွင့်ထုတ်သည်နှင့်လေး။

- ဆိတ်နွားသိုးအုပ် တင်းကုပ်ထဲမှာ
  တောသို့စောစော မမောထိန်းကျောင်းကာ
  တို့တောသာယာ မှန်စွာမပျင်း
  ကျက်သရေဖြာ မင်္ဂလာ
  ဆာယာအရိပ် မြင်ကွင်းရယ်နှင့်လေး။

- တောရပ်သို့ဆင်း ယာခင်းထဲဝယ်
  လုပ်ကိုင်သက်မွေး ဝမ်းရေးမပူတယ်
  ကူညီလျက်သယ် ပြည့်ကြွယ်စီးပွား
  စပါးရွှေဝါ ဖြစ်ထွန်းကာ
  စဉ်သာပီတိ ပြုံးများသည်နှင့်လေး။

- နေ့စဉ်ကြိုးစား နိုးကြားစိတ်ပျော်
  တို့တောဓလေ့ ပျော်မွေ့အလှူတော်
  တစ်ရွာလုံးနော် ဖျို့အော်ဟစ်ကြွေး
  ဝိုင်းဝန်းကူညီ လှုဂုဏ်ရည်
  ရှင်ကြည်မနော ယဉ်ကျေးသည်နှင့်လေး။

- တို့တောရွာလေး ဂုဏ်မွေးလျက်နေ
  ဖြူစင်စိတ်ထား ခွန်အားပြုံးပန်းဝေ
  လာလည်မိတ်ဆွေ ဖိတ်ခေါ်စဉ်မြဲ
  ငြိမ်းချမ်းသာယာ တို့တောရွာ
  မေတ္တာစိတ်ဖြင့် ယှဉ်တွဲသည်နှင့်လေး။
- ရွာပွဲပြည့်စုံ ဖူလုံရတော့သည်။
- အခါနွဲတွေ့ကြုံ တူဆုံလှပေ့ါတည်။

ရွှေမြိုင်သူ(မြန်မာစာ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မြင်သူနှင့် မမြင်သူ

**သတင်းစာဆရာတစ်ဦး**

"ပညာမျက်စိ ၊ မြင်မရှိ၍
မသိတရား ၊ အယူမှားလျက်
စီးပွားမမြော် ၊ ကျိုးမပေါ်သား
သူတော်မဟုတ် ၊
ယုတ်သည့်စရိုက်၊ လူသူမိုက်ကို
မကြိုက်မချစ် ၊ ရန်သူစစ်သို့
မနှစ်သက်ဘဲ ၊ ဝေးစွာရှဲ၍
အမြဲခွာရှင်း ဖဲကြဉ်မင်း"

လောကသာရဆုံးမစာ
ကန်တော်မင်းကျောင်းဆရာတော်

၁၉၆၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲအောင်သည်။ ချောက်မြို့အမှတ်(၁)အစိုးရအထက်တန်းကျောင်းမှ န၀မတန်းအောင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် န၀မတန်းအောင်မြင်ခြင်းသည် ကျောင်းသားဘ၀တွင် အမှန်ပင်ကြီးမားသော ခြေလှမ်းတစ်လှမ်းဟု ထိုအချိန်ကဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာမေးပွဲကို တန်းမြင့်ကျောင်းထွက် အစိုးရစာမေးပွဲ (High School Final Examination) ဟု ခေါ်ကြသည့်အပြင် ဤစာမေးပွဲအောင်လက်မှတ်ရပြီး အသက် ၁၈ နှစ်ပြည့်သူဆိုပါက ရေနံကုမ္ပဏီ (BOC)တွင် အောက်တန်းစာရေး၊ အစိုးရရုံးဌာနများတွင် အငယ်တန်းစာရေး သို့မဟုတ် မူလတန်းပြဆရာအလုပ်ကို လျှောက်ထားခွင့်ရပါ၏။ အစိုးရ၀န်ထမ်းလခစားအလုပ်သည် မိမိတို့ ဆင်းရဲသားတောင်သူများနှင့် ရေနံမြေအလုပ်ကြမ်းသမား၊ အောက်ခြေ၀န်ထမ်းသာရှိကြသော ရွာလေးမှာ ထမင်းအိုးတည်နိုင်ခြင်းမဟုတ်ပါလား။

ဟိုက်စကူးဖိုင်နယ်စာမေးပွဲသည် ကျောင်းစစ်မဟုတ်ဘဲ အစိုးရစစ်အဖြစ် အလေးအနက်ထားသဖြင့်တန်ဖိုးရှိပါ၏။အခြားအတန်းများနှင့်ဘာများခြားနားသလဲဟုဆိုပါလျှင် မိမိတို့ကျောင်းမှာသင်ပြကြသော ဆရာ၊ ဆရာမများက မေးခွန်းထုတ်ခြင်းမဟုတ်ပါ။ ပညာရေးဝန်ကြီးဌာနက ရွေးချယ်တာ၀န်ပေးခြင်းခံရသော ဆရာများက ခြောက်ဘာသာကို မေးခွန်းထုတ်ခြင်းဖြစ်၏။ ဖြေဆိုပြီးသော အဖြေလွှာအားလုံးကိုလည်း ရန်ကုန်ရှိ စာစစ်ဘုတ်အဖွဲ့က တာ၀န်ယူစစ်ဆေးအမှတ်ပေးပြီး ရေဒီယိုနှင့် သတင်းစာ (ဝေးလံခေါင်းပါးသောဒေသတချို့အတွက်) ထုတ်ပြန်ကြေညာပေးလောက်အောင်အရေးပါ၏။ အလေးထား၏။

ဘယ်သူတွေက မေးခွန်းထုတ်မှန်းမသိရပါ။ ဘယ်ဆရာတွေက စစ်ဆေးအမှတ်ပေးမှန်းလည်း မသိနိုင်ခဲ့ပါ။ မိမိအဖြေလွှာကို ဘယ်လိုဆရာ၊ ဆရာမက အမှတ်ပေးမှာလဲမသိရဘဲ ဘာသာစုံကို ဖြေဆိုရခြင်းသည် လျှို့ဝှက်သည်းဖိုစာမေးပွဲဆိုရလောက်ပါသည်။

ချောက်မြို့ကဲ့သို့သော နယ်ဒေသတစ်ခုရှိ အထက်တန်းပြဆရာ၊ ဆရာမများကလည်း စာမေးပွဲအတွက် ဘယ်အချက်တွေက အရေးကြီးသည်ဟု တစ်ကြိမ်မသင်ပြပေ။ အားလုံးအရေးကြီးသည်။ စာကျက်နိုင်လျှင်အောင်မည်။ ဒါပဲ။ ဘယ်အချက်မျိုးကို မေးခွန်းပုံစံဘယ်လိုမေးတတ်သည်ဟုပင် ကြိုတင်ရှင်းပြထားခြင်းမျိုး မရှိတတ်ကြပေ။

မိမိသင်သောဘာသာမှာ အောင်ချက်ကောင်းစေရန်လည်း အထူးတလည်အာရုံမစိုက်၊ စိတ်မ၀င်စားကြပေ။ ကျေးဇူးရှင်စာသင်ပေးခဲ့သော ဆရာများကို အပြစ်ဆိုခြင်းမဟုတ်ပေ။ ထိုအချိန်က အခြေအနေပကတိအရှိအတိုင်း ဖော်ပြခြင်းမျှသာဖြစ်ပါသည်။ သင်ဖို့ကငါတို့တာ၀န်၊ တတ်အောင်ကျက်မှတ်ဖို့က ကျောင်းသားတာ၀န်ပဲဟုခံယူကြ၏။ လေ့ကျင့်ခန်းလည်းပေးလေ့မရှိကြ။ စစ်ရမှာအလုပ်ပိုဟုထင်ကြလေသလားမသိ။ စာမေးပွဲအတွက် အထောက်အကူရရန် မြန်မာစာဆရာ၊ ပထ၀ီ၀င်ဆရာနှင့် အင်္ဂလိပ်စာဆရာတို့ကတော့ အိမ်စာလေ့ကျင့်ခန်းပေးသည်။ သင်္ချာ (၁)၊ သင်္ချာ(၂) ဆရာများကား နေ့စဉ်အိမ်စာပေးလေ့ရှိသည်။ သင်္ချာဘာသာသင်ခန်းစာက မတွက်တတ်လျှင် အမှတ်သုည။ တွက်တတ်၍မှန်မှ အမှတ်ပြည့်ရသဖြင့် သင်္ချာဆရာများကတော့ အပင်ပန်းခံ၍ တတ်အောင်သင်ပေးလေ့ရှိပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်ဆီက ဆရာ၊ ဆရာမအများစုသည် ပညာရေးဘွဲ့ရနှင့် ဆရာအတတ်သင်ဒီပလိုမာ အောင်ခဲ့ကြပြီးသူတွေများပေသည်။ သို့ရာတွင် ဆရာဦးချစ်စရာကဲ့သို့ မြန်မာစာအသင်အပြကောင်းသူ၊ စေတနာကြီးမားသူ၊ ဆရာဦးအုန်းကြည်ကဲ့သို့ ပထ၀ီ၀င်ဘာသာကို စာကျက်စရာမလိုဘဲ စာမေးပွဲအမှတ်ကောင်းကောင်းရအောင် ဖြေတတ်သည်ထိ သေသေချာချာ ဂဃနဏ သင်ကြားပြသသူဆရာမျိုးကား နည်းပါးလှပေ၏။

အထက်တန်းမှမဟုတ်။ အလယ်တန်းပြဆရာများတွင်လည်း သမိုင်းဘာသာသင်သော ဆရာဦးထွန်းမောင်၊ ပထ၀ီ၀င်ဘာသာသင်သော ဆရာဦးမာတင်၊ သင်္ချာသင်ပြသော ဆရာဦးအောင်ရင်တို့သည် ကျောင်းသားတစ်ဦးချင်းကို စေတနာကြီးမားစွာဖြင့် အလေးထားဂရုစိုက်၍ (Learner Centered System ) ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်ဖြင့် အပင်ပန်းခံ၍သင်ကြားတတ်သူ ဆရာအချိုးကနည်းပါးပြီး လခစားစိတ်ထားဖြင့် အလုပ်ကိုခိုခိုကပ်ကပ်လုပ်တတ်သူ၊ စေတနာနည်းပါးသူတွေများကြောင်း သတိပြုမိခဲ့သည်။

မိမိကတော့ အပြင်စာအုပ်များကို သုတ၊ ရသဘာသာရပ်မရွေး စာဖတ်ဝါသနာပါသူဖြစ်သဖြင့် စာကြည့်တိုက်နှင့် စာအုပ်အငှားဆိုင်၏ အကူအညီကြောင့် စာမေးပွဲကိုမကြောက်ခဲ့ပါ။ စာမေးပွဲမကျခဲ့ပါ။ သို့ရာတွင် တက္ကသိုလ်ဝင်တန်းပထမအကြိမ်မှာတော့ စာရေးဆရာဖြစ်ချင်သူမို့ အပိုမြန်မာစာကို သင်ပေးမည့်ဆရာမရှိဘဲ မိမိဘာသာလေ့လာပြီး ဖြေဆိုရာ စာမေးပွဲကျပါလေတော့သည်။ ကျောပြင်ကို ဝါးခြမ်းပြားဖြင့် ဘုန်းခနဲ၊ ဘုန်းခနဲ ရိုက်ချလိုက်သကဲ့သို့ နာကျင်စွာနောင်တရခဲ့ရပါသည်။ နောက်တစ်နှစ်တော့ အောင်မှဖြစ်မည်။ ဝိဇ္ဇာဘာသာတွဲထဲက အထွေထွေသိပ္ပံကို ပြောင်းယူပါ၏။ ကျောင်းမှာ ဆရာမဒေါ်တင်အေးကသင်သည်။ မိမိက ယခင်တစ်နှစ်ရှုံးခဲ့သည့် သင်ခန်းစာကို ရခဲ့ပြီးပြီဖြစ်၍ တစ်နှစ်ပတ်လုံး ဘာသာစုံကျက်မှတ်လေ့လာပြီး ဒုတိယအကြိမ် တက္ကသိုလ်ဝင်တန်းဖြေဆိုရာမှာတော့အောင်ပါသည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားပြီး မန္တလေးတက္ကသိုလ်ပထမနှစ် စိတ်ပညာအဓိကဘာသာ တက်ခွင့်ရခဲ့ပါတော့၏။

**❖လက်နက်ကိုင်ပုန်ကန်ဆူပူ၍ ပြည်သူပြည်သားများကို အနိုင်ကျင့် နှိပ်စက်ကလူပြုနေကြသူတွေထဲတွင် ငယ်စဉ်ကလေးဘ၀ မိမိက သွန်သင်ဆုံးမခွင့်လေး မေတ္တာရေစင် ဖျန်းပက်ပေးခဲ့နိုင်ခြင်းကြောင့်လားမသိ။ တစ်ယောက်တလေမှ မိုက်မဲမှားယွင်းဆိုးသွမ်းနေသည့်အထဲ ပါမသွားကြပါဆိုသဖြင့် "အေးကွယ်၊ မြင်သူနှင့် မမြင်သူကတော့ အဖြူအမည်းကွဲပြားပေမှာပဲ" ဟုပြောရလေသည်။ သူတို့ကိုယ်တိုင် ပညာ၏တန်ဖိုးကိုသိမြင်ကြသူ ဆရာ၊ ဆရာမများ ဖြစ်နေကြပြီပဲလေ။ ❖**

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်သော ၁၉၆၆ ခုနှစ်သည် အထက်တန်းကျောင်းသားဘ၀( လေးနှစ်နေခဲ့ရ) အဆင့်အတန်းမှ လွတ်ပြီကျွတ်ပြီ။ အသက်လည်း ၁၇ နှစ်ပြည့်ကာ ၁၈ နှစ်ထဲရောက်လာပြီ၊ တက္ကသိုလ်ကျောင်းသားဘ၀သို့ ကူးပြောင်းလေပြီ။

အထက်တန်းကျောင်းသားဘ၀မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခြင်းသည် မိမိကိုယ်ကို လူကြီးတစ်ယောက်လိုလူရာဝင်အောင် ပြောင်းလဲပျိုးထောင်ရမည်ဟု ခံယူပါသည်။ ဆရာကြီးပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ တက္ကသိုလ်ဆုမြိုင်၊ သင့်ဘ၀ ဦးတင်မောင်၊ ဦးပဂိုိ၊ တက်တိုး၊ လှသမိန်စသည့် မိမိဘ၀ကို ရှင်သန်တိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ပြုပြင်ပြောင်းလဲ၍ ကြိုးစားမြှင့်တင်ရန် သန္နိဋ္ဌာန်ချထားသည်။

အထက်တန်းကျောင်းသားဘ၀တွင် ဖတ်ရှုခဲ့သော ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ မိဘကဆင်းရဲသော်လည်း တက္ကသိုလ်တွင်စာတော်သော ဝတ္ထုထဲက ဇာတ်ကောင်၊ ဇာတ်လိုက်များသည် မိမိ အတုယူအားကျခဲ့ရသော စံနမူနာများဖြစ်လေသည်။

အထက်တန်းကျောင်းမှလွန်မြောက်ပြီး မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များသို့ သွားမတက်ရသေးမီ မိမိငယ်စဉ်ကနေခဲ့သော ကြီးနီရွာအလယ်တန်းကျောင်းမှာ ကျောင်းနေဖက်သူငယ်ချင်းမြအောင်နှင့် မိမိတို့စေတနာ၀န်ထမ်း (လစာမရ) မူလတန်းပြကျောင်းဆရာဝင်လုပ်ကြသည်။ ထိုအချိန်က မြို့နယ်အုပ်ချုပ်ရေးကောင်စီနှင့် လမ်းစဉ်ပါတီက စီမံချထားပေးခြင်းဖြစ်ပုံရပါသည်။ မိမိနေထိုင်သည့်ရပ်ကွက်သို့မဟုတ်ကျေးရွာရှိကျောင်းတွင် လုပ်အားပေးဆရာအဖြစ်ဆောင်ရွက်စေခြင်းဖြစ်သည်။

ကြီးနီရွာမှ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ကြသော ကိုမြအောင်နှင့် မိမိတို့က ကြီးနီအလယ်တန်းကျောင်းမှာ မူလတန်းကလေးသူငယ်များကို သင်ကြားရသော အတန်းဝင်ရသည်။ မြန်မာစာ၊ သင်္ချာ၊ ဘယ်ဘာသာကိုသင်ပြပါဟု ဆရာကြီးက တိတိကျကျတာဝန်မပေးပါ။ ထိုအခါ မိမိဘာသာသူငယ်တန်းကလေးများကို ပုံပြင်၊ ဇာတ်နိပါတ်ထဲမှ သင့်တော်ဆီလျော်ရာ ပုံ၀တ္ထုများပြောပြခြင်း၊ သမိုင်း၊ ပထဝီနှင့်ပတ်ဝန်းကျင်လေ့လာမှုဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိဆိုင်ရာစသည်တို့ကို တစ်ချိန်စာ ၄၅ မိနစ်ခန့်၊ ၄၀ မိနစ်ခန့် အချိန်ကိုက်အောင် ကြိုတင်ပြင်ဆင်သည့် သင်ရန်စီမံချက်၊ သင်ကြားမည့်အကြောင်းအရာအကျဉ်းချုပ် စသည်တို့ရေးသားသွားပါသည်။

သင်ပြနည်းအတတ်ပညာကို မိမိသူငယ်တန်းမှ ဆယ်တန်းအောင်သည်ထိ တစ်ဆယ့်နှစ်နှစ် ( သူငယ်တန်းတစ်နှစ်၊ ဆယ်တန်းကျ တစ်နှစ်ပါထည့်ပေါင်းတော့ ၁၂ နှစ် ကျောင်းနေခဲ့ရ) အတွေ့အကြုံထဲမှ စာသင်ကောင်းသော ဆရာ၊ ဆရာမတို့ကိုစံနမူနာအတုယူကာ သူတို့သင်ကြားနည်းမျိုး ကောင်းမွန်အောင်ကြိုးစားခဲ့ပါ၏။

ကျောင်းအုပ်ဆရာကြီးက "မင်းတို့နှစ်ယောက်က တက္ကသိုလ်တက်ကြမယ့် ကျောင်းသားလောင်းတွေဆိုတော့ဝမ်းသာတယ်ကွာ။ ဆရာကြီးတို့ကို ကြက်သားဟင်းနဲ့ နေ့လယ်စာအမှတ်တရကျွေးကွာ" ဆိုသဖြင့် အမှတ်တရ မိမိတို့နှစ်ယောက်ကို သူငယ်တန်းမှစ၍ သတ္တမတန်းထိ ရှစ်နှစ်ကြာသင်ပေးခဲ့ကြသော မူလတန်း၊ အလယ်တန်းဆရာ၊ ဆရာမများကို လှူဒါန်းပူဇော်ခဲ့ပါသည်။ ဤကုသိုလ်သည် အတော်ကြီးပုံရသည်။ ဘ၀တစ်လျှောက်လုံးတွင် ထမင်းငတ်ရသည်ဟု တစ်ခါမှမကြုံရဖူးချေ။ စိုက်ပျိုးရေး၀န်ကြီးဌာန၊ ဝါနှင့်ပိုးချည်ဌာန၊ စိုက်ပျိုးရေးညွှန်ကြားရေးမှူး၊ တိုင်းတာ၀န်ခံဆရာကြီး ဦးမြအောင်သည်လည်း စာရေးသူလိုပင် မပူမပင် မတောင့်မတထမင်းနပ်မှန်အောင် ဘ၀တစ်သက်လုံးစားခဲ့ရလေသည်။ အသက် ၈၀ နီးနေကြပေပြီ။ စားဝတ်နေရေး ခက်ခဲကြပ်တည်းခြင်းမကြုံခဲ့ရဖူးပါ။

မိမိတို့လုပ်အားပေးစာသင်ခန်းမှာ စာသင်စာပြပေးခဲ့ရသော မူလတန်းကလေးများ အိမ်ပြန်ရောက်သောအခါ သူတို့မိဘများကို စာရေးသူတို့သူငယ်ချင်းနှစ်ယောက် ဆရာသစ်အဖြစ်ရောက်နေကြောင်း၊ စာသင်ရသည်မှာ ပျော်စရာကောင်းကြောင်း၊ မိမိတို့ကဆူခြင်း၊ ငေါက်ခြင်း၊မာန်မဲခြင်းမရှိဘဲ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်နူးနူး သူတို့ကိုတန်ဖိုးထားလေးစား၊ ရယ်စရာတွေပြောပြ၊ ပျော်စရာကောင်းအောင် အုပ်စုလိုက်ကစားကြ၊ စိတ်ဝင်စားဖွယ်ဝတ္ထုများ၊ ရုပ်ရှင်များ၊ (ရယ်စရာ၊ လွမ်းစရာ၊ ငိုချင်စရာ၊ အနုပညာရသပါပါ) ပြန်ပြောပြခြင်းတို့ကြောင့် သူတို့အလွန်ကြည်နူးနှစ်သက်ကြရကြောင်း ပြန်ပြောပြပုံရပါသည်။

ကလေးမိဘ၊ ရွာထဲကကျောင်းသားမိဘတချို့သည် ရေနွေး၊ အကြော်စုံ၊ ပြောင်းဖူးပြုတ်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ မြေပဲလှော် စသည့်စားစရာများကို နေ့ခင်းနားချိန်တွင် ကျောင်းသို့လာပို့ပေးကြသည်။ တစ်ဦးမေတ္တာတစ်ဦးမှာ ရောင်ပြန်ဟပ်သည့် လက်တွေ့သင်ခန်းစာကို လေ့လာမှတ်သားရပါ၏။

ကျောင်းလုပ်အားပေး စာသင်ပြပေးခြင်းသည် ၁၉၆၆ ခုနှစ်အတွင်း နှစ်လခန့်သာကြာပါလိမ့်မည်။ တပည့်လေးများက သံယောဇဉ်တွယ်နေကြသဖြင့် ခွဲခွာရသောမိမိတို့ကို နှုတ်ဆက်ပွဲပြုလုပ်သောအခါ အချို့ငိုယိုကြသည်။

ချောက်မြို့ပေါ်ရှိ ရပ်ကွက်ထဲက မူလတန်းကျောင်း၊ အလယ်တန်းကျောင်းမှာ လုပ်အားပေးသော တက္ကသိုလ်သို့သွားကြမည့် ကျောင်းသား (ဆရာလုပ်ခဲ့သူ)များကို ကုန်သွယ်ရေးဆိုင်မှ အင်္ကျီစ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ဖောင်တိန်စသဖြင့် ကျောင်းသားမိဘများက စုပေါင်းလက်ဆောင်ပေးလိုက်ကြသည်ဟု သိရပါသည်။ မိမိတို့၏ကျောင်းအုပ်ဆရာကြီးကတော့ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကဗိုလ်ကြီးတို့၊ ရဲအုပ်ကြီးတို့နှင့် အထိအတွေ့မရှိသဖြင့် ကုန်သွယ်ရေးဆိုင်မှ ပစ္စည်းဝယ်ခွင့်လက်မှတ်ရအောင် သူများကျောင်းအုပ်တွေလိုလုပ်ပေးရကောင်းမှန်းမသိပါ။ တောကကျောင်းဆရာနှင့်မြို့ပေါ်ကကျောင်းဆရာ၊ မမြင်သူနှင့်မြင်သူ အတော်ပင်ကွဲပြားကွာခြားလေသည်။

ဘာအခွင့်အရေး၊ ဘာဘာညာညာ ရလိုခြင်းလည်းမရှိခဲ့သဖြင့် မိမိတို့အဖို့ အရေးမကြီးခဲ့ပါ။ နှစ်ပေါင်းများစွာကြာမြင့်ပြီး ဇာတိကျေးရွာနှင့် ဝေးကွာနေခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် မိမိနိုင်ငံခြားသို့ ပညာတော်သင်တစ်နှစ်သွားရမည်ဖြစ်၍ မွေးရပ်

စာမျက်နှာ ၂၇ သို့ ➤

# မော်လိုက်မြို့နယ်တွင် နွေစပါး ၈၉၄ ဧက စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**မော်လိုက် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် နွေစပါး ၈၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နွေသီးနှံ စိုက်ပျိုးရာသီမှာ မော်လိုက်မြို့နယ်မှာ စပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၈၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးသီးနှံများ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြခဲ့သည်။

(၂၀၆)

# တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သည့် ဆီမီးကန်ကျေးရွာအုပ်စု ဆီမီးကန်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာပို၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ဆီမီးကန်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆီမီးကန်ကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆ သဒမ ၁၅ သန်း စုစုပေါင်း ငွေကျပ် ၂၁ သဒမ ၁၅ သန်း အသုံးပြု၍ ဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာပိုထံမှ သိရသည်။

ချစ်ဦးကို

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း လယ်ကဏန်း ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက လယ်ကဏန်း ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း လယ်ကဏန်း ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ လယ်ကဏန်း ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ကဏန်းတွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလအတွင်း ရန်ကုန်ဈေးကွက်ထဲကို လယ်ကဏန်း ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ကျိုက်လတ်မြို့နယ်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေအဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့် ဖြစ်ပါတယ်။ ကဏန်းတွေ ဝယ်ယူမှုကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင် လည်ပတ်လာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နမ့်ဟူးလွယ်ကာကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ကျေးလက်နေပြည်သူလူထုကိုယ်တိုင် ပိုင်ရှင်စိတ်ဓာတ်ဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်စေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အောင်မြင်မှုအသီးအပွင့်များ စဉ်ဆက်မပြတ်တည်တံ့နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်ဟူးလွယ်ကာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ် ၄၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

➤ စာမျက်နှာ ၂၆ မှအဆက်

မြေရှိ မိခင်၊ ဖခင်တို့ကို နှုတ်ဆက်ကန်တော့ရန် ရွာသို့ပြန်ခဲ့ပါသည်။

မိမိရွာနှင့်ပတ်ဝန်းကျင်ကျေးရွာရှိကျောင်းများတွင် ဆရာ၊ ဆရာမ တာဝန်ထမ်းဆောင်နေကြသော အသက် ၃၀ ကျော် (သူတို့ မူလတန်းကလေးများက)စုပေါင်းပြီး လာ၍ကန်တော့ကြသောအခါ မျက်ရည်လည်အောင်ပင် ကြည်နူးဝမ်းသာပီတိဖြစ်မိပါသည်။ မွေးရပ်ဌာနေသို့ မိမိမလာနိုင်ဘဲ ကြာမြင့်သည်မှာလည်း ရှမ်းပြည်နယ်အတွင်းမှာချည်း နှစ်ပေါင်းနှစ်ဆယ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရခြင်းလည်းပါသည်။ ခွင့်ယူရန်ခက်ခဲသော စစ်မှုထမ်းဘဝအခြေအနေလည်းပါသည်။ ရက်တရက်ရောက်တုန်းရောက်ခိုက်တွင် အမှတ်တရတပည့်ဟောင်းဖြစ်ခဲ့ဖူးသူ ဆရာ၊ ဆရာမတချို့က လာ၍တွေ့ဆုံဂါရဝပြုကြသည်ကိုပင် သူတို့၏ ကျေးဇူးသိတတ်ခြင်းကို ချီးကျူးကြည်နူးမိပါသည်။

လက်နက်ကိုင်ပုန်ကန်ဆူပူ၍ ပြည်သူပြည်သားများကို အနိုင်ကျင့်နှိပ်စက်ကလူပြုနေကြသူတွေထဲတွင် ငယ်စဉ်ကလေးဘဝ မိမိကသွန်သင်ဆုံးမခွင့်လေး မေတ္တာရေစက်ဖျန်းပက်ပေးခဲ့နိုင်ခြင်းကြောင့် လားမသိ။ တစ်ယောက်တလေမှ မိုက်မဲမှားယွင်း ဆိုးသွမ်းနေသည့်အထဲပါမသွားကြပါဆိုသဖြင့် "အေးကွယ် မြင်သူနှင့် မမြင်သူကတော့ အဖြူအမည်းကွဲပြားပေမှာပဲ"ဟု ပြောရလေသည်။ သူတို့ကိုယ်တိုင်ပညာ၏တန်ဖိုးကိုသိမြင်ကြသူ ဆရာ၊ ဆရာမများ ဖြစ်နေကြပြီပေါ့လေ။

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် ဇန်နဝါရီလအတွင်း တောမီး ၄၄ ကြိမ်ထိ လောင်ကျွမ်းမှုဖြစ်ပွားခဲ့



**နယူးဒေလီ ဖေဖော်ဝါရီ ၃**

အိန္ဒိယနိုင်ငံ ကာနာတာကာ ပြည်နယ်တွင် ဇန်နဝါရီလအတွင်း ရာသီဥတု ပြောင်းလဲမှုကြောင့် တောမီးလောင်ကျွမ်းမှု ၄၄ ကြိမ်ထိ ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယ သစ်တောစစ်တမ်းအဖွဲ့(FSI) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကာနာတာကာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု အကြိမ်ရေအများဆုံးဖြစ်ပေါ်ခဲ့သော ကာလမှာ ဇန်နဝါရီ ၆ ရက်မှ ဇန်နဝါရီ ၁၂ ရက်အတွင်းဖြစ်ကြောင်း၊ ဇန်နဝါရီလအတွင်း တောမီးလောင်ကျွမ်းမှု ၄၄ ကြိမ် ဖြစ်ပေါ်ခဲ့သော်လည်း နေရာပေါင်း၅၅၅နေရာထိတောမီးအန္တရာယ် ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း၊ ကာနာတာကာ ပြည်နယ်သည် တောမီးအန္တရာယ် သတိပေးချက် နေရာ အများဆုံးထုတ်ပြန်ခဲ့ရသောပြည်နယ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အိန္ဒိယသစ်တောစစ်တမ်းအဖွဲ့(FSI)က ထုတ်ပြန်ခဲ့သည်။

အိန္ဒိယ သစ်တောစစ်တမ်းအဖွဲ့(FSI)၏ မှတ်တမ်းများအရ ကာနာတာကာ ပြည်နယ်တွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလက တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့ရသည့် နေရာပေါင်း ၃၁၁ နေရာသာရှိခဲ့ပြီး ယခုနှစ်အတွင်း သတိပေးချက် ထုတ်ပြန်ခဲ့ရသည့် နေရာပိုများလာခဲ့ကြောင်း၊ အပူချိန် ပိုမိုမြင့်တက်ကာ ရာသီဥတုပြောင်းလဲမှု ပိုမိုဆိုးရွားလာသည်ဟု အိန္ဒိယသစ်တောစစ်တမ်းအဖွဲ့(FSI)က သုံးသပ်ခဲ့သည်။

တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ရာတွင်လည်း မီးပေါ့ဆမှုကြောင့်တောမီးလောင်ကျွမ်းသည့်အကြိမ်ရေများပြားခဲ့ပြီး ကာနာတာကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် မီးပေါ့ဆမှုများကို ပိုမိုတင်းကျပ်စွာ စောင့်ကြည့်ထိန်းချုပ်သွားသင့်သည်ဟု အိန္ဒိယသစ်တောစစ်တမ်းအဖွဲ့(FSI)က တိုက်တွန်းခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဂရိနိုင်ငံ ဆန်တိုရီနီကျွန်းတွင် တစ်ရက်တည်း အသေးစားငလျင် အကြိမ် ၂၀၀ ကျော်ထိလှုပ်ခတ်

**အေသင် ဖေဖော်ဝါရီ ၃**

ဂရိနိုင်ငံ ဆန်တိုရီနီကျွန်းတွင် ဖေဖော်ဝါရီ ၂ ရက် တစ်ရက်တည်း အသေးစားငလျင် အကြိမ်ရေ ၂၀၀ ကျော်ထိ လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆန်တိုရီနီကျွန်းသည် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်သန်းနှင့်ချီ၍ လာရောက်လည်ပတ်သည့် ကျွန်းဖြစ်ပြီး ဆိပ်ကမ်းမြို့များတည်ရှိသဖြင့် ရေကြောင်းကုန်သွယ်မှုအတွက်အရေးပါသည့် ကျွန်းဖြစ်ကြောင်း၊ အသေးစားငလျင်အကြိမ်ရေ ၂၀၀ ကျော်ထိ လှုပ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဆိပ်ကမ်းလေးခုကို ယာယီပိတ်ထားကြောင်း၊ စာသင်ကျောင်းများကို ယနေ့မှစ၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ငလျင်များနှင့်ပတ်သက်ပြီး ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသော်လည်း အမ်မော်ဒီဆိပ်ကမ်း၊ အာမန်နီဆိပ်ကမ်း၊ ကော်ဖို့စ်ဆိပ်ကမ်းနှင့် ဖီရာဆိပ်ကမ်းအနီးတို့တွင်နေထိုင်သည့် ဒေသခံများအနေဖြင့် အထူးသတိပြုရမည်ဖြစ်ကြောင်း Civil Protection Ministry က ထုတ်ပြန်ခဲ့သည်။



ငလျင်လှုပ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် ဂရိဝန်ကြီးချုပ် ကိုင်ရီယာကို့စ်က ဖေဖော်ဝါရီ ၂ ရက်တွင် အေသင်မြို့၌ အရေးပေါ်အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ ငလျင်လှုပ်ခတ်လှိုင်းဒဏ်သင့် ဧရိယာအတွင်းနေထိုင်သော ဒေသခံများကို အရေးပေါ် ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ရေး အစီအမံများအတွက် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# လော့စ်အိန်ဂျလိစ်တောမီးလောင်ကျွမ်းပြီးနောက် ရေနှင့်သဘာဝအရင်းအမြစ်ဆိုင်ရာအန္တရာယ်များ ဖြစ်ပေါ်လာနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်တွင် တောမီးလောင်ကျွမ်းပြီးနောက် ရေနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာအန္တရာယ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ကယ်လီဖိုးနီးယား စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်တက္ကသိုလ်မှ ကျွမ်းကျင်သူများ၏ ပြောကြားချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ကောင်တီ တောမီးလောင်ကျွမ်းမှုအပြီးတွင် ရေပေးဝေမှုနှင့် ပံ့ပိုးရေးပစ္စည်းများ ပျက်စီးခြင်းနှင့် မြက်ခင်းများ၊ သစ်ပင်များမီးလောင်ကျွမ်းမှုကြောင့် မိုးရွာသွန်းပါက မြေပြင်ထိန်းသိမ်းနိုင်မှု စွမ်းရည်လျော့နည်းသဖြင့် တောင်ကုန်း၊ တောင်စောင်းဒေသများတွင် မြေပြိုခြင်းများ ဖြစ်ပေါ်လာနိုင်ရာ ရေနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ အန္တရာယ်သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ကယ်လီဖိုးနီးယား ရေအရင်းအမြစ်ဌာနမှ ဒါရိုက်တာ အဲရစ်ပေါ့စ်က ပြောကြားခဲ့သည်။

"မီးလောင်ကျွမ်းမှုကြောင့် ရေဖြန့်ဖြူးတဲ့စနစ်တွေရဲ့ ပျက်စီးနေတဲ့ အစိတ်အပိုင်းတွေကတစ်ဆင့် အော်ဂဲနစ်တွေနဲ့ ကင်ဆာဖြစ်စေနိုင်တဲ့ပစ္စည်းတွေက သောက်သုံးရေတွေထဲကို ဝင်ရောက်လာနိုင်ပါတယ်"ဟု အဲရစ်ပေါ့စ်က သတိပေးပြောကြားခဲ့သည်။

လော့စ်အိန်ဂျလိစ်ရှိ ဒေသခံအများအပြားသည် မြေအောက်ရေကို အားထားအသုံးပြုကြပြီး မိုးရွာသွန်းမှုများဖြစ်ပေါ်ပါက အညစ်အကြေးများ မြေအောက်သို့စိမ့်ဝင်ရာမှ ရေညစ်ညမ်းမှုများဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာ၏ ရေနှင့်ပတ်သက်သော အကြံပြုချက်များကို သတိပြုလိုက်နာကြရန် ကယ်လီဖိုးနီးယား ရေအရင်းအမြစ်ဌာနမှ ဒါရိုက်တာ အဲရစ်ပေါ့စ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ရေဘေးအန္တရာယ် လျှော့ချရေးအတွက် APA က ယူရိုလေးသန်း ပေးအပ်မည်

**လစ္စဘွန်း ဖေဖော်ဝါရီ ၃**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင်ရေဘေးအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်ပြီး အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိရာ ပေါ်တူဂီသဘာဝပတ်ဝန်းကျင်အေဂျင်စီ(APA)က ရန်ပုံငွေ ယူရိုလေးသန်း ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လစ္စဘွန်းမြို့တွင် ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများ တည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းအတွက် ပေါ်တူဂီသဘာဝပတ်ဝန်းကျင် အေဂျင်စီ(APA)က ယူရို လေးသန်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ လစ္စဘွန်းမြို့ အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် Lisbon Metropolitan Area (AML) နှင့် ပေါ်တူဂီသဘာဝပတ်ဝန်းကျင်အေဂျင်စီ(APA)တို့ကြား သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံချက်အရ လစ္စဘွန်းမြို့အတွင်း ရေဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် ရေကြီးရေလျှံမှု အတားအဆီးများကို အမြန်ဆုံးတည်ဆောက်သွားမည်ဖြစ်ကြောင်း Lisbon Metropolitan Area (AML)က ထုတ်ပြန်ခဲ့သည်။

"လစ္စဘွန်းမြို့အတွင်း ရေဘေးအန္တရာယ် လျှော့ချရေးအတွက် ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိတဲ့ ဧရိယာတွေမှာ အတားအဆီးတွေ တည်ဆောက်သွားဖို့ စီစဉ်နေပါတယ်။ ပေါ်တူဂီသဘာဝပတ်ဝန်းကျင်အေဂျင်စီ(APA)နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး လိုအပ်တဲ့ ရန်ပုံငွေတွေကိုလဲ ပေါ်တူဂီသဘာဝပတ်ဝန်းကျင် အေဂျင်စီ(APA)က ပေးအပ်သွားမှာ ဖြစ်ပါတယ်။ အခြေခံအဆောက်အအုံတွေဆီ ရေစိမ့်ဝင်စီးဆင်းလာမှုကို ထိန်းချုပ်ရေးနဲ့ မြေယာဆိုင်ရာ အမိန့်အရ အခြေခံအဆောက်အအုံတွေ နေရာရွှေ့ပြောင်းရေးကိစ္စရပ်တွေကိုလဲ ဆောင်ရွက်ဖို့အတွက် စီမံချက် ရေးဆွဲထားပါတယ်"ဟု Lisbon Metropolitan Area (AML) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ပင်လယ်ရေတွင်ပါဝင်သော မိုက်ခရိုပလတ်စတစ်များ ပင်လယ်စာစားသုံးခြင်းမှတစ်ဆင့် လူတို့ထံရောက်ရှိနိုင်

**အန်ကာရာ ဖေဖော်ဝါရီ ၃**

ပင်လယ်ရေတွင် ပါဝင်သော မိုက်ခရို ပလတ်စတစ်များသည် ပင်လယ်ရေသတ္တဝါများထံ ရောက်ရှိနေပြီး အဆိုပါပင်လယ်စာများကို စားသုံးခြင်းမှတစ်ဆင့် လူတို့ထံသို့ ရောက်ရှိနိုင်ကြောင်း တူရကီယဲနိုင်ငံ အိပ်ဒဲနစ်ဇ် သုတေသနတက္ကသိုလ်မှ ပါမောက္ခ မားမက်ဂိုကိုဂလူက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မကြာသေးမီ နှစ်များမှစ၍ ကမ္ဘာပေါ်ရှိ ပင်လယ်ကမ်းခြေအများစုတွင် ပလတ်စတစ်အမှိုက်များတိုးပွားလာခဲ့ပြီး နေရောင်ခြည်နှင့် ပင်လယ်လှိုင်းများ၏ ရိုက်ခတ်မှုကြောင့် သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများ မိုက်ခရိုပလတ်စတစ်အဖြစ် ပြောင်းလဲသွားပြီး အဏ္ဏဝါဂေဟစနစ်ကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိကြောင်း ပါမောက္ခ မားမက်ဂိုကိုဂလူက ပြောကြားခဲ့သည်။

"နေရောင်ခြည်နဲ့ လှိုင်းတွေက ပင်လယ်ထဲမှာရှိနေတဲ့ ပလတ်စတစ်တွေကို မိုက်ခရိုပလတ်စတစ်အမှုန်အမွှားတွေအဖြစ် ပြိုကွဲစေတယ်။ အဲဒါတွေက အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်စေတယ်။ ရေနေသတ္တဝါတွေရဲ့ အစာခြေစနစ်ကို အနှောင့်အယှက်ဖြစ်စေပြီး သူတို့ရဲ့ တစ်ရှူးတွေမှာ ပလတ်စတစ်အကြွင်းအကျန်တွေ ချန်ထားခဲ့ပြီး အဲဒီပင်လယ်စာတွေကို လူတွေစားသုံးတာက လူတွေဆီကိုလဲ မိုက်ခရိုပလတ်စတစ်အမှုန်အမွှားတွေ ရောက်စေနိုင်ပါတယ်"ဟု ပါမောက္ခ မားမက်ဂိုကိုဂလူက ပြောကြားခဲ့သည်။

တူရကီယဲနိုင်ငံတောင်ပိုင်း အန်တဲယာပြည်နယ်ရှိ အယ်လန်ယာကမ်းလွန်ပင်လယ်တွင် သုတေသနလုပ်ငန်းများ လုပ်ဆောင်လျက်ရှိစဉ် ပင်လယ်ကြမ်းပြင်တွင် သေးငယ်သော ပလတ်စတစ်ညစ်ညမ်းမှုအဆင့်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အဏ္ဏဝါဂေဟစနစ်အပေါ်တွင်သာမက လူတို့အပေါ်တွင်ပါ မိုက်ခရိုပလတ်စတစ်၏ ပြင်းထန်သော အကျိုးသက်ရောက်မှု ဖြစ်ပေါ်နေသဖြင့် စိုးရိမ်ဖွယ်အခြေအနေဖြစ်လာကြောင်း ပါမောက္ခ မားမက်ဂိုကိုဂလူက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

# စည်းလုံးညီညာ အောင်ကြောင်းဖြာ

ရွှေဘိုတူးမာ

စည်းလုံးခြင်း၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် ဤသို့ဖော်ပြထားသည်။ စည်းလုံး၏အဓိပ္ပာယ်မှာညီညွတ်သည်။ ပူးပေါင်းသည်ဟူ၍ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် မည်သည့်ကိစ္စမဆိုပြီးမြောက်စေနိုင်၏။ ရေစက်ရေပေါက်များစုပေါင်းလျှင် ချောင်းဖြစ်လာသည်။ ချောင်းများပေါင်းဆုံလျှင် မြစ်ဖြစ်လာသည်။ မြစ်များပေါင်းလျှင် ပင်လယ်သမုဒ္ဒရာကိုဖြစ်ပေါ်စေသည်။ ထိုပင်လယ်၊ သမုဒ္ဒရာလှိုင်းတံပိုးများက ကျောက်ဆောင်၊ ကျောက်ကမ်းပါးကြီးများကိုဖြိုဖျက်နိုင်စွမ်းရှိသည်။

စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်ကြောင်း ကမ္ဘာဦးလူသားတို့ သိရှိခဲ့ကြသည်။ ထို့ကြောင့် ကျောက်ခေတ်လူသား၊ ကမ္ဘာဦးလူသားတို့သည် သားကောင်ကိုစုပေါင်း၍ ပစ်ခတ်ဖမ်းဆီးကြသည်။ စုပေါင်း၍ အမဲလိုက်ကြသည်။ စုပေါင်း၍ ရန်အန္တရာယ်ကို ကာကွယ်ခဲ့ကြသည်။ ဤသို့အားဖြင့် ကမ္ဘာဦးလူသားတို့သည် စည်းလုံးခြင်းသည်အင်အားဖြစ်ကြောင်း သိရှိနားလည်ခဲ့ကြသည်။ စည်းလုံးခြင်းသည်ခွန်အားဖြစ်ကြောင်း တင်စားရေးဖွဲ့စရာများကား များလှပါသည်။ သဲပွင့်၊ သဲမှုန့်တို့ကိုစုစည်းလိုက်သောအခါ သဲသောင်ပြင်ကြီးဖြစ်လာသည်။ နှမ်းတစ်စေ့၊ ချည်တစ်မျှင်သည် အသုံးမဝင်လှသော်လည်း နှမ်းစေ့ပေါင်းများစွာကို စုပေါင်းကြိတ်ခွဲယူလိုက်သောအခါ လူသားတို့စားသုံးရန် ဆီဖြစ်လာသည်။ ချည်မျှင်၊ ချည်စများကိုစုစည်း၍ရက်လုပ်သောအခါ လူသားတို့ဝတ်ဆင်ရန် အဝတ်အထည်ဖြစ်လာသည်။ ဤသည်မှာ စုပေါင်းခြင်း၏ အကျိုးတရားများဖြစ်သည်။

ငယ်စဉ်က မြန်မာဖတ်စာတွင် ဤသို့ဖတ်ခဲ့ဖူးသည်။ ဖွန်ပန်းရုံအနီး လှည်းဘီးနွံထဲကျွံနေသည်၊ ကူ၍တွန်းပေးကြပါ၊ လေးလွန်း၍မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်ဟုပါရှိသည်။ ထို့ပြင် ဤကမ္ဘာမြေပေါ်၌စုရုံး၍ ပေါက်ရောက်နေသော သစ်ပင်သစ်တောတို့သည် တစ်ပင်နှင့်တစ်ပင် ယှက်နွှယ်နေသဖြင့် လေပြင်းမုန်တိုင်းတို့၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိကြ၏။ တစ်ပင်နှင့်တစ်ပင် အပြန်အလှန်အမှီသဟဲပြုနေကြ၏။ လေပြင်းမုန်တိုင်းတို့ မည်မျှတိုက်ခတ်စေကာမူ အစုအဖွဲ့နှင့်ရှိသော သစ်ပင်သစ်တောတို့ကိုပြိုလဲအောင်မပြုလုပ်နိုင်ပါ။ ဤကား စည်းလုံးခြင်း၏ အကျိုးကျေးဇူးပေတည်း။

ထိုမျှမကသေးပါ။ မြန်မာ့သမိုင်းကိုကြည့်လျှင် စည်းလုံးခြင်းသည် ခွန်အားဖြစ်ကြောင်း၊ စည်းလုံးညီညာအောင်ကြောင်းဖြာကြောင်း တွေ့ရသည်။ အနော်ရထာမင်း၏ ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ တတိယမြန်မာနိုင်ငံတော်တို့ ထည်ထည်ဝါဝါ ပေါ်ထွန်းခဲ့ခြင်းမှာ စည်းလုံးညီညွတ်မှုကြောင့် ဖြစ်သည်။ ညီညွတ်ခြင်း၏ အင်အားကား တိုင်းစရာလည်းမရှိ၊ နှိုင်းစရာလည်းမရှိပါချေ။ နွားကွဲလျှင် ကျားဆွဲသည် ဆိုသောစကားအတိုင်း စည်းလုံးညီညွတ်မှုမရှိလျှင် ပျက်စီးခြင်းဖြစ်ရသည်။ "ဗမာတွေစည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ပြီ"ဆိုသည့် အချုပ်တန်းဆရာဖေ၏တေးထပ်အတိုင်း ကုန်းဘောင်ခေတ်ပျက်စီးရခြင်းမှာ စည်းလုံးမှုမရှိသောကြောင့်ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းကို ကြည့်လျှင်

**❖ စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်ကြောင်း ကမ္ဘာဦးလူသားတို့သိရှိခဲ့ကြသည်။ ထို့ကြောင့် ကျောက်ခေတ်လူသား၊ ကမ္ဘာဦးလူသားတို့သည် သားကောင်ကိုစုပေါင်း၍ ပစ်ခတ်ဖမ်းဆီးကြသည်။ စုပေါင်း၍ အမဲလိုက်ကြသည်။ စုပေါင်း၍ ရန်အန္တရာယ်ကို ကာကွယ်ခဲ့ကြသည်။ ဤသို့အားဖြင့် ကမ္ဘာဦးလူသားတို့သည် စည်းလုံးခြင်းသည်အင်အားဖြစ်ကြောင်း သိရှိနားလည်ခဲ့ကြသည်။ စည်းလုံးခြင်းသည်ခွန်အားဖြစ်ကြောင်း တင်စားရေးဖွဲ့စရာများကား များလှပါသည်။ ❖**

စည်းလုံးညီညာ အောင်ကြောင်းဖြာခဲ့ပုံများကို တွေ့ရသည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာတွန်းလှန်နိုင်ခဲ့သည်မှာ တိုင်းရင်းသားအားလုံး လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် စည်းလုံးခဲ့သောကြောင့်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်မှာ စည်းလုံးမှု၏အောင်ပွဲဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာသည်မှာ တိုင်းရင်းသားတို့၏ အေးအတူပူအမျှနေလိုသော စိတ်ဓာတ်ကြောင့်ဖြစ်သည်။ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကြောင့်ဖြစ်သည်။

ထိုမျှမက မြန်မာတိုင်းရင်းသားတို့သည် ၁၈၂၄ ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီကို ရန္တပိုစာချုပ်အရ ဆုံးရှုံးပြီးနောက် ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြသည်။ ၁၈၅၂ ခုနှစ် ဒုတိယနယ်ချဲ့စစ်ပွဲဆုံးရှုံးပြီးနောက်လည်း တော်လှန်ပုန်ကန်ခဲ့ကြသည်။ ၁၈၈၅ခုနှစ်တွင် အထက်မြန်မာနိုင်ငံကို လက်လွှတ်ဆုံးရှုံးပြီးနောက် ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ပုန်ကန်ခဲ့ကြသည်။ သို့သော် မအောင်မြင်ပါ။ ထို့ကြောင့် စစ်ဆင်ရေးနည်းပညာ၊ လက်နက်ခဲယမ်းအပြင် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့်တိုက်မှသာ အောင်မြင်နိုင်မည်ဟု သိမြင်လာသူကား ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရန် မြန်မာပြည်အနှံ့ တိုင်းရင်းသားခေါင်းဆောင်တို့နှင့် ဆွေးနွေးသည်။ ထိုသို့ ကြိုးပမ်းမှု၏အသီးအပွင့်များကား ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခြင်း၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာခြင်း စသည့် အနှဂ္ဃရတနာကိုရရှိခဲ့သည်။

ဤသို့အားဖြင့် လွတ်လပ်ရေးရအောင် စွမ်းဆောင်နိုင်ခဲ့သော စည်းလုံးခြင်းခွန်အားသည် ပြည်ထောင်စုနေ့ပေါ်ထွန်းလာခြင်းပြီး ယခုဆိုလျှင် ၇၈ နှစ်ပင်ရှိပြီဖြစ်သည်။ ထိုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာဆရာ၊ စာရေးဆရာတို့က ကဗျာများ၊ စာများရေးဖွဲ့ခဲ့ကြသည်။ ထိုအထဲမှထင်ရှားသော ကဗျာဆရာကြီးနောင်၏ နှင်းကိုမြင်ခိုက်ကဗျာကို တင်ပြလိုပါသည်။ ထိုကဗျာတွင် ကဗျာဆရာကြီးနောင်က တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ကိုယ့်ရပ်ကိုယ်မြေကို မြတ်နိုးတွယ်တာမှုဟူသော ကောင်းမြတ်သည့်ပြည်ထောင်စုစိတ်ဓာတ်ကိုဂုဏ်ပြုကာ နှင်းကိုမြင်ခိုက်ကဗျာကို ရေးဖွဲ့ခဲ့သည်။

မြန်မာ့သမိုင်းတွင် နှင်းများကျ၍ သဇင်ပန်းများပွင့်သောဆောင်းရာသီ၌ တိုင်းရင်းသားတို့သည် ကြီးမားသောအောင်ပွဲကြီးနှစ်ခုရရှိခဲ့သည်။ တစ်ခုမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အောင်ပွဲဖြစ်၍ ကျန်တစ်ခုမှာ လွတ်လပ်ရေးအောင်ပွဲဖြစ်သည်။ စာဆိုသည် ဤအောင်ပွဲနှစ်ခုကိုတည်ဆောက်ပေးသော ပြည်ထောင်စုတိုင်းရင်းသားတို့ကို ဂုဏ်ပြုကာ ရေးဖွဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်သည် ပြည်ထောင်စုနေ့ဖြစ်သည်။ ထိုအချိန်သည် ဆောင်းရာသီဖြစ်၍ နှင်းများကျကာ သဇင်ပန်းအလှတို့ဝေနေချိန်ဖြစ်သည်။ စာဆိုက ဆောင်းသဘာဝနှင့် သဇင်ပန်းအလှကိုကြည်နူးမိသကဲ့သို့ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကိုလည်း အားရကြည်နူးမိသည်။ ထို့ကြောင့် ဤသို့တွေးကာ ဤသို့ရေးဖွဲ့ခဲ့သည်။ ထိုအချိန်က တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကြည်နူးခဲ့ကြသည်။ ရွှင်မြူးခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦးချစ်ခင်ကြသည်။ ယုံကြည်ကြသည်။ ခိုင်မြဲစွာလက်တွဲခဲ့ကြသည်။ စည်းလုံးညီညွတ်ကြသည်။ ထိုစည်းလုံးမှုသည် အချိန်ကြာလေလေ ခိုင်မြဲလေလေဖြစ်ကြောင်းကို ကဗျာဆရာနောင်က "နှင်းကိုမြင်၍၊ သဇင်ပွင့်ဦး သူကြည်နူးစဉ်၊ ရယ်မြူးရွှင်ပျ နှမနှင့်မောင်၊ ညီနောင်သားချင်းလက်တွဲ ရင်းနှင့်၊ ချစ်ခြင်းခင်ခြင်း ယုံကြည်ခြင်းများ၊ ဆပွားသစ်သစ် ခိုင်မြဲနှစ်မာ၊ ကာလကြာလေစည်းလုံးလေတည့်"ဟု ရေးဖွဲ့ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျယ်ပြန့်သော မြေပြန့်လွင်ပြင်များ၊ မိုးမောက်မြင့်တက်နေသော တောင်ကုန်းတောင်တန်းများ၊ တသွင်သွင်စီးဆင်းနေသောမြစ်များရှိသည်။ ဤသို့ အလွန်သာယာလှပသော နိုင်ငံတော်ကို ဘိုးဘွားအစဉ်အဆက်တို့သည် အသက်၊ သွေး၊ ချွေးများ စတေးကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ဤပြည်ထောင်စုမြန်မာနိုင်ငံသည် ဘိုးဘွားတို့ ချစ်မြတ်နိုးစွာပေးအပ်သော အမွေဖြစ်ကြောင်းကို

မြေပြန့်တောင်ခုံး၊ ပတ်ကုံးဝန်းကျင်
မြစ်ခွင်တစ်ကြော၊ လွန်သာမောကို
ချစ်သောစိတ်နှင့်၊ သွေးနှင့် ချွေးနှင့်
အဆင့်ဆင့်ဆက်၊ အသက်သက်များ
စတေးထား၍၊ ဘိုးဘွားပေးဝေ
ချစ်အမွေတည့်။
အနေကြာကြာ၊ အသာမိုးမိုး
ချစ်တိုးလွန်မြတ်၊ သွေးသားထပ်၍
ကိုယ့်ရပ်ကိုယ့်မြေ၊ တွယ်တာပေ၏။

ဟု ရေးဖွဲ့ခဲ့သည်။

တိုင်းရင်းသားတို့သည် ဤနိုင်ငံတော်တွင် အနေကြာလာသောအခါ နိုင်ငံတော်ကို တိုး၍ ချစ်ခင်မြတ်နိုးလာသည်။ ကိုယ့်ရပ်၊ ကိုယ့်မြေ၊ ကိုယ့်တိုင်းပြည်ကို အသွေးချင်း၊ အသားချင်းထပ်၍ မြတ်နိုးတွယ်တာကြသည်။ ထို့ကြောင့် တိုင်းရင်းသားတို့သည် မိမိတို့နေထိုင်ရာနိုင်ငံတော်၏ ဖျာတစ်ချပ်စာ၊ တစ်လက်မစာမြေကွက်ပင်ဖြစ်ပါစေ စုံမက်မြတ်နိုးကြသည်။ ဆုံးရှုံးသွားမည်ကို နှမြောကြသည်။ ထိုအကြောင်းကို ကဗျာဆရာနောင်က "ကိုယ့်နေရာကို၊ တစ်ဖျာတစ်ကွက် တစ်လက်မလည်း၊ တသနှမြောစုံမက်မောသည့် သဘောခြင်းရာ ပြောရပါလျှင် နှင်းရင်နုမှ၊ သဇင်လှကို မြင်ရကြုံရ၊ ဆောင်းအမြမှာ မဟာအောင်ခြင်း၊ စည်းလုံးခြင်းဖြင့် သွေးချင်းကိုယ်သား၊ တို့ပိုင်ထားသည် တရားမျှတ လွတ်လပ်ခြင်း" ဟု ရေးဖွဲ့ခဲ့သည်။

နောက်ဆုံးတွင် တိုင်းရင်းသားတို့သည် နှင်းများကျ၍ သဇင်ပန်းအလှများတွေ့မြင်ရသည့် အေးမြသောဆောင်းရာသီ၌ ကြီးမားသောအောင်မြင်မှု ရရှိခဲ့ကြသည်။ ထိုအောင်မြင်မှုကို စည်းလုံးညီညွတ်ခြင်းဖြင့်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုအောင်မြင်မှုမှာ တရားမျှတ၍ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံကို ပိုင်ဆိုင်နိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရရှိခြင်းဖြစ်သည်။

ဤသို့ဖြင့် ကဗျာဆရာနောင်သည် နှင်းကိုမြင်ခိုက်ကဗျာတွင် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ကို ချီးကျူးဂုဏ်ပြုကာ ရေးဖွဲ့ခဲ့ကြောင်း ဖတ်ရှုမှတ်သားဖူးသည်။ ထို့ကြောင့် ညီညွတ်ခြင်းသည် ခွန်အားဖြစ်သည် ဟူသောဆိုစကား၏တန်ဖိုးကား ရေးဖွဲ့၍မကုန်နိုင်တော့ပါ။

တောင်ပေါ်က အင်းလေးနှင့် မြေပြန့်က အင်းလျားတို့သည် ရေရေချင်း ညီအစ်ကိုများဖြစ်ကြသည်။ တောင်ပေါ်က စိန်ပန်းပြာနှင့် မြေပြန့်က ပိတောက်ဝါတို့သည် ပန်းပန်းချင်း ညီအစ်မများဖြစ်ကြသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ညီရင်းအစ်ကို၊မောင်ရင်းနှမ ဆွေမျိုးသားချင်းများပမာ စည်းလုံးညီညွတ်စွာ အေးအတူပူအမျှ နေထိုင်သွားသင့်လှပေသည်။

တိုင်းရင်းသားများ ဤပြည်ထောင်စုကြီးအတွက် ချစ်ခင်စည်းလုံးငြိမ်းချမ်းပါ ဝါသောတောင်တွေ စိမ်းလန်းလာ၊ ချစ်ခင်စည်းလုံးငြိမ်းချမ်းပါ ရှိုင်းသောမြစ်တွေယဉ်ကျေးလာ၊ ချစ်ခင်စည်းလုံး ငြိမ်းချမ်းပါ တို့ပြည်ထောင်စုစိမ်းလန်းသာဟူ၍ ဖတ်ရှုဖူးသောကဗျာလေးဖြင့် သတိပေးရေးသားလိုက်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **နှင်းကိုမြင်ခိုက်ကဗျာ ဆရာနောင်**
- **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်သမိုင်း ဖိုးအောင်လေး**
- **မြန်မာအဘိဓာန်**
- **စွယ်စုံကျမ်း**

# ငရုတ်ကောင်းမြို့ရှိ ဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၆၁ ဧကစိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့ရှိဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက် သီးနှံစုံ၃၈၆၁ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ပြီး ယနေ့တွင် ဆီထွက်သီးနှံစုံ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ၃၈၆၁ ဧကတွင် မြေပဲ ၃၆၄၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၉၄ ဧက ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာဆီထွက်သီးနှံစုံ ၃၈၆၁ ဧကထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဆီထွက်သီးနှံတွေ လျာထားအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ လျာထားဧကပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊စက်မှုလယ်ယာ ဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့ရှိဒေသများတွင်ဆီထွက်သီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်စားသုံးဆီဖူလုံနိုင်သည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့ သပြေကုန်း(အောက်)ကျေးရွာ၌ RBF လုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယု၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် ဝန်ထမ်းများက သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်သော ကြံသကာချက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကြံသကာချက် လုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့သည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် သပြေကုန်း(အောက်)ကျေးရွာ၌ကြံသကာချက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့ဝင်ငါးဦးကို ရန်ပုံငွေကျပ်၁၀သန်း ထုတ်ချေး ပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**





*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**










## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) စံပြကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဦးသိန်းဆွေ (ဘ) ဦးထွန်းရင်(၉/တတဥ(နိုင်)၀၀၆၈၃၅)၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၈-၁၉၆၃ ဖြစ်ပါကြောင်း။ ၁၄-၈-၁၉၆၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်းနေ ဒေါ်အေးအေးမူ (ခ) ဒေါ်အေးအေးနွယ် (ဘ)ဦးသိန်းငွေ(၁၀/ကထန(နိုင်)၁၃၄၂၆၂)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်အေးအေးမူ (ခ) ဒေါ်အေးအေးနွယ်










"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှု ဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)


**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ- ၂၀

**ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME လုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ချီးမြှင့်မည်** စာမျက်နှာ- ၁၁

**ကောင်းမှုစုံရာ တပို့တွဲလအခါ** ဆောင်းပါး စာမျက်နှာ- ၂၃


# တဘူးလှဆည်မှ နွေစပါးဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေ စတင်ပေးဝေ



တဘူးလှဆည်၏ လက်ဝဲ၊ လက်ယာမြောင်းမကြီးနှစ်ခုမှ နွေစပါးစိုက်ခင်းများသို့ စိုက်ပျိုးရေပို့လွှတ်နေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၃**

တဘူးလှဆည်၏ မြောင်းမကြီးနှစ်ခုမှ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်အတွင်းရှိ တောင်သူများ၏ နွေစပါးစိုက်ဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၁ ရက်က စတင်ပေးဝေခဲ့ပြီး ဧပြီလကုန်ပိုင်း အောင်ရေရရှိသည်ထိ ပေးဝေသွားမည်ဖြစ်ကြောင်း တိုက်ကြီးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယမန်နှစ်က တိုက်ကြီးခရိုင်အတွင်း နွေစပါး ၂၉၁၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၂၉၅၇၀ တိုးတက်စိုက်ပျိုးခဲ့ကြောင်း တိုက်ကြီးခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"တိုက်ကြီးခရိုင်အတွင်းက တိုက်ကြီး၊ ဥက္ကံနဲ့ အဖျောက်မြို့တွေက နွေစပါးစိုက်ဧက ၂၉၅၇၀ ကို တဘူးလှဆည်ကနေ စိုက်ပျိုးရေပို့လွှတ်နေပါပြီ။ ကျွန်တော်တို့ဌာနရဲ့ အဓိကတာဝန်က ရေဘေးကာကွယ်ရေးနဲ့ စိုက်ပျိုးရေပေးဝေရေးဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ်

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

